# အန္တရာယ်ကင်းပရိတ်တော်

(လယ်တီဆရာတော်)

လယ်တီဆရာတော်ဘုရားကြီး ၏

မိုဃ်းပရိတ်ကြီး ရွတ်နည်း၊ မိုဃ်းကမ္ဗဝါကြီး

နှင့်

အရဟံ ဂုဏ်တော်ကိုးပါး၊ သမ္ဗုဒ္ဓေ ဂါထာတော်ကြီး၊

ဓာရဏ ပရိတ်၊ ဂုဏ်တော် ပုတီးစိပ်နည်းများ၊

အန္တရာယ်ကင်းဂါထာ ပါဠိ၊ ၂၄-ပစ္စည်း ပဋ္ဌာန်း ပါဠိတော်၊

ကွန်ချာ ကပ်ကျော် ပုတီးစိပ်နည်း

စသည်တို့ကို မူရင်းပါဠိတော်၊ မြန်မာပြန်၊အကျိုးတရား

များ ပြည့်စုံစွာ စုစည်းဖော်ပြထားသည့်

# အန္တရာယ်ကင်းပရိတ်တော်

[တအုပ် ၁-ကျပ် ၅၀-ပြား]

စာပေလောက စာအုပ်တိုက်

အမှတ် ၁၇၃၊ ၃၃-လမ်း၊ ရန်ကုန် မှ

ဖြန့်ချိသည်။

[ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက် – ၆၇၇၅]

ပန်းချီ
ညွန့်ဝေ

အဖုံးရိုက်
ကောဇါ

ဘလောက်
ဇမ္ဗူ

ပုံနှိပ်ခြင်း
ပထမအကြိမ်
(၄၀၀၀)

ထုတ်ဝေနေ့
မတ်လ၊ ၁၉၇၅

ဦးဘသိန်း၊ ဘိုရှယ်စာအုပ်တိုက်(၀၀၆၆)အမှတ် ၁၃၂/၁၃၄၊ ၄၇-လမ်း၊ ရန်ကုန်မြို့က ထုတ်ဝေ၍၊ ဒေါ်ခင်လှ (၀၁၅၇၀) ဘာပေလောက ပုံနှိပ်တိုက် ၁၇၃၊ ၃၃-လမ်း၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အမှာစကားဦး | .... | ၁ |
| ဂြိုဟ်ကြီးရှစ်လုံး စည်းချရန် | | |
| အန္တရာယ်ကင်းဂါထာများ | .... | ၇ |
| ၂၄-ပစ္စည်း ပဌာန်းပါဠိတော် | .... | ၈ |
| အန္တရာယ်ကင်းဂါထာတော် | .... | ၉ |
| ၎င်းအနက် | .... | ၁၀ |
| နာညကြ | .... | ၁၂ |
| ၎င်းအနက် | .... | ၁၄ |
| အကာတော်ကြီး ဂါထာတော် | .... | ၁၆ |
| ၎င်းအနက် | .... | ၁၆ |
| အကာတော်ကြီး ဂါထာ | .... | ၁၇ |
| ၎င်းအနက် | .... | ၁၇ |
| အာဝေနိကဂုဏ်တော်ပါဌ် | .... | ၁၈ |
| ၎င်းအနက် | .... | ၁၉ |
| ပဗ္ဗာဇနိယကမ္မဝါစာ | .... | ၂၂ |
| အန္တရာယ်ကင်းဂါထာပါဌ် | .... | ၂၇ |
| ၎င်းအနက် | .... | ၂၈ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| လယ်တီဆရာတော်ဘုရားကြီး စီရင်တော်မူအပ်သော မိုးဃ်းပန်တ်ကြီးရွတ်နည်းနှင့် မိုးဃ်းကမ္မဝါစာတမ်း | .... | ၃၁ |
| ငါးရံ့မင်းပရိတ် | ... | ၃၅ |
| လယ်တီဆရာတော်ဘုရားကြီး စီရင်တော်မူသော မိုးဃ်းကမ္မဝါကြီး | .... | ၃၇ |
| မိုးဃ်းကမ္မဝါဘတ်ပွဲ အစီအရင် | .... | ၄၁ |
| လယ်တီဆရာတော်ဘုရားကြီး စီရင်တော်မူသော မိုးဃ်းအမိန့်တော်ပြန်တမ်းကြီး | .... | ၄၂ |
| အရဟံဂုဏ်တော်(၉)ပါး ကွန်ချာ ကပ်ကျော် ပုတီးစိပ်မှန် | .... | ၄၆ |
| ဂုဏ်တော်(၉)ပါး ပုတီးစိပ်နည်း | .... | ၄၇ |
| ပုတီးလုံး စိပ်ချပုံ | .... | ၅၀ |
| ဂုဏ်တော်ပုတီးစိပ်နည်းများ | .... | ၅၀ |
| စိတ်ပုတီး အပတ်ရေ | .... | ၅၂ |
| ပုတီးစိပ်သူ အနေအထား | .... | ၅၃ |
| ဂုဏ်တော်ပုတီးစိပ်ရကျိုး | .... | ၅၃ |
| သမ္ဗုဒ္ဓေဂါထာတော်ကြီး အညွှန်း | .... | ၅၅ |
| ရွတ်ဆိုသောအကြိမ်နှင့် အကျိုးများ | .... | ၅၆ |
| သမ္ဗုဒ္ဓေ ဂါထာတော်ကြီး | .... | ၅၇ |
| ရှင်းအနက် | .... | ၅၇ |
| ဓာရဏပရိတ် ပါဠိတော် | .... | ၅၈ |
| ဓာရဏပရိတ် မြန်မာပြန် | .... | ၆၀ |

## ချောင်းဦး မောင်စန္ဒာ၏

## အမှာစကားဦး

ဗုဒ္ဓဝါဒသည် ရုပ်နာမ်နှစ်မျိုး 'စုံ'ရှိသော ဝါဒဖြစ်သည်။ ရုပ်သည် 'သိခြင်း' သဘောမရှိ၊ နာမ်သည် 'သိခြင်း' သဘောရှိသည်၊ ရင်းပြင် နာမ် သဘော တရားသည် ရုပ် သဘော တရားထက် အရေအတွက် သာလွန်များပြားသည်၊ ရုပ်ခန္ဓာသည် ရူပက္ခန္ဓာ တပါးသာရှိသော်လည်း နာမ်ခန္ဓာကား ဝေဒနက္ခန္ဓာ စသည်ဖြင့် လေးပါးအထိ ရှိလေသည်။ ထို့ကြောင့် ရုပ်သဘောတရားထက် နာမ် သဘောတရားက ပိုမိုကျယ်ဝန်းလေသည်။ နာမ် သဘော တရားတို့သည် ရုပ်သဘောတရားကို ရှေ့ဆောင်တတ်သည်၊ ကြိုးကိုင်တတ်သည်။ 'အကျိုးသည် အကန်းကို ခွစီးကာ လိုရာကို သွားသကဲ့သို့'ဟု ရှေးဆရာများက ဥပမာပေးကြသည်။

ဗုဒ္ဓရှင်တော်မြတ်သည် ထို သိရှိ သိမဲ့ (သက်ရှိ သက်မဲ့) ရုပ်လောက နာမ်လောကအပေါင်းကိုကိုယ်တော်ကိုယ်တိုင် လက်တွေ့ သိမြင်တော်မူသည်။ ဗုဒ္ဓ၏တပည့်သား (ရှင် လူ အချို့) လည်း

ရုပ်နာမ်၏ သဘောတရားတို့ကို ကိုယ်တွေ့ သိကြရသည်။ သိမှု ပိုင်အောင်လည်း 'ကျင့်'ကြရသည်။ ထိုအခါ ရုပ်တန်ခိုး ရုပ်သတ္တိ နှင့် နာမ်တန်ခိုး နာမ်သတ္တိတို့ကို လက်တွေ့ လေ့လာမိကြသည်။ အချို့သော နာမ်တန်ခိုး နာမ်သတ္တိ (စိတ်တန်ခိုး စိတ်သတ္တိ) တို့ဖြင့် လိုအပ်သော အကျိုးတရား ပြီးစီးပုံတို့ကို ရုပ်နာမ် အကြောင်း မသိ နားမလည်သူ ဖြစ်ပါက မယုံချင်သော ပုံပြင် သဖွယ်သာ ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ ဖြစ်မည်ဆိုက ဖြစ်နိုင် ပါ၏။ ဘဇာကြောင့်နည်း။

ဗုဒ္ဓပွင့်တော်မူသောခေတ်သည် ဘီ-စီ ၆-ရာစုခေတ် (လွန်ခဲ့ သော နှစ်ပေါင်း ၂၆၀၀-ခန့်)က ဖြစ်သည်။ ယနေ့သည် အေ-ဒီ ၂၀-ရာစုခေတ် ဖြစ်နေပြီ။ ဗုဒ္ဓခေတ်ကား နာမ်ပိုင်း (စိတ်ပိုင်း) ဆိုင်ရာ၌ တုနှိုင်း မရအောင် တိုးတက်သည်၊ အကျင့် စရဏကို ဦးစားပေးသည်၊ လောကုတ္တရာလမ်းစဉ်ဖြစ်၏။ ယနေ့ ၂၀-ရာစု ခေတ်ကား ရုပ်ပိုင်း ဆိုင်ရာ၌ ဆန်းကြယ်စွာ တိုးတက်လျက် ရှိသည်။ အကျင့်စရဏ ယုတ်လျော့သည်၊ လောကလမ်းစဉ်များ သာဖြစ်သည်။ ဤသို့ ကာလနှင့် အရာဌာနတို့က ခြားနားခြင်း ရှိခဲ့ကြလေပြီ။

သို့သော် နာမ်ပိုင်း စိတ်ပိုင်း ဆိုင်ရာ သဘောတရားများမှာ ထို ဘီ-စီ ၆-ရာစုခေတ်မှ ဗုဒ္ဓညွှန်ကြားတော်မူခဲ့သည့် နည်းမှန် ကျနစွာအတိုင်း ဤယနေ့ မည်သူမဆို လက်တွေ့လေ့လာ 'ကျင့် သုံး'ခြင်းဖြင့် လက်တွေ့သဘောတရားတို့ကို ကောန် သိမြင်နိုင်ကြ ပါသည်။ ကျင့်ခြင်း၏ အကျိုးထူးကို မုချရရှိနိုင်ကြပါသည်။

ထို့ကြောင့် ယနေ့ ၂၀-ရာစုခေတ်၌ပင် ဗုဒ္ဓရှင်တော်မြတ်၏ ကိုယ်တွေ့ ရုပ်နာမ် သဘောတရားတို့ကို ကိုယ်တိုင် ညွှန်ကြား ခဲ့သောနည်းအတိုင်း 'ကျင့်'၍၊ မဂ်အသိ ဖိုလ်အသိတို့ကို ရရှိခြင်း၊ သမထကျင့်ခြင်း၊ ပါဠိ ဂါထာ မန္တာန်ကို ရွတ်ဖတ်ခြင်း၊ ပုတီး စိပ်ခြင်း စသော အကျင့် တို့ဖြင့်လည်း သာသနာတော်စောင့်

နတ်များ ချစ်ခင်ခြင်း၊ အမြင်အကြားတို့ကို ရရှိခြင်း၊ အန္တရာယ်ကင်းခြင်း၊ ဘုန်းတန်ခိုး ရှိခြင်း၊ ဗဟိဒ္ဓ သက်ရှိ သက်မဲ့ကိုလည်း ပြုပြင်နိုင်ခြင်း စသော အကျိုးထူး များကို အခွင့်မခန်း ရရှိခံစားကြရသည်။

'ကျင့်'ဆိုသည်မှာ နည်းလမ်းမှန်ကန်စွာဖြင့် မိမိ၏နာမ်ဓာတ်ကို စင်ကြယ် ကောင်းမွန်သောအဖြစ်သို့ တင်ပေးခြင်း၊ ပြုပြင်ပေးခြင်းပင်ဖြစ်သည်။ ကျင့်နည်းမှာလည်း မဂ်ဖိုလ်ရရှိရန်အတွက် ကျင့်သော လောကုတ္တရာ နည်းလမ်းနှင့် ပစ္စက္ခနှင့် သံသရာတွင် ပြည့်စုံချမ်းသာစွာ ဖြစ်ရှိရေးအတွက် ကျင့်သော လောကီနည်းလမ်း ဟူ၍ ၂-မျိုးရှိပြန်သည်။ လောကုတ္တရာပညာ လောကုတ္တရာအကျင့် လောကုတ္တရာဉာဏ်သည် လောကမီးအေးငြိမ်း၍ နိဗ္ဗာန်နန်းသို့ ပေါက်မြောက် နိုင်သည်။ လောကီပညာ၊ လောကီအကျင့်၊ လောကီဉာဏ်ကား ပစ္စက္ခ လောကကို အောင်နိုင်၍ အန္တရာယ် အပေါင်းကို လွန်မြောက်နိုင်သည်။ သံသရာ၌လည်း ပြည့်စုံသောဘဝကို ဖြစ်ရှိစေ၏။

ထိုစကား မှန်လှ၏။ မဂ် ဖိုလ် ကိစ္စမှတပါး ပစ္စက္ခမျက်မှောက်လောက၌ တွေ့ကြုံ ခံစားရသော ဘေးဒဏ် အန္တရာယ်တို့ကို ပါဠိ ဂါထာ မန္တာန် စသည်ဖြင့် စီရင်သော လူသား၏ သီလ၊ သမာဓိ၊ ပညာ တန်ခိုးဖြင့် ချမ်းသာခြင်းသို့ ရောက်ရှိအောင် ဖန်တီးနိုင်ကြ၏။ ပြုလည်း ပြုကျင့်ခဲ့ကြဘူး၏။ ထင်ရှားစေပါဦးအံ့။

၁။ ဒဓိဝါဟန ဇာတ်တွင် အသက်မဲ့သော ခါးကို စီရင်၍၊ တန်ခိုးသတ္တိနှင့် ပြည့်စုံကြောင်း လာ၏။ (ဇာတကဒုအုပ်၊ အသဒိသဝဂ်၊ ဆဋ္ဌ၊ မျက်နှာ-၉၂)။

၂။ စူဠသေဋ္ဌိ ဇာတ်တွင် ဓနသိဒ္ဓိနက္ခတ်ကို တွက်ပြီး စီရင်၍ ကြွယ်ဝခြင်းသို့ ရောက်ကြောင်း လာ၏။ (ဧကနိပါတ်၊ အပဏ္ဏကဝဂ်၊ ဆဋ္ဌ၊ နှာ-၁၃၀)။

၃။ နာနာသန္တ ဇာတ်တွင် နက္ခတ်ကိုကြည့်၍ အမည်ကို သိရ ကြောင်းလာ၏။ (ဇာတက၊ ဒု-အုပ်၊ အဋ္ဌနိဋ္ဌကဝဂ်၊ ဆဋ္ဌ၊ နှာ-၃၈၃)။

၄။ ခရပုတ္တဇာတ်တွင် တိရစ္ဆာန်တို့၏ဘာသာစကားကို သိနား လည်သောမန္တာန်ကိုရ၍ သိဘူးပြောဘူးကြောင်း လာ၏။ (ဇာတက၊တ-အုပ်၊ခရပုတ္တဝဂ်၊ဆဋ္ဌ၊နှာ-၄၇၇)။

၅၊ ဘဂ္ဂဇာတ်တွင် နိမိတ်ရှိသော စကားကိုပြောရုံဖြင့် ဘီလူး ဘေးမှ လွတ်ကြောင်း လာ၏။(ဇာတက၊ဒု-အုပ်၊ ဒဠှဝဂ်၊ ဆဋ္ဌ၊ နှာ-၉၂)။

၆။ ဝေဒဗ္ဗဇာတ်တွင် လောကီ မန္တာန်ကို ရွတ်သဖြင့် ရတနာ ရွှေမိုးငွေမိုး ရွာကြောင်း လာ၏။ (ဇာတက၊ပ-အုပ်၊အတ္တ ကာမဝဂ်၊ဆဋ္ဌ၊ နှာ-၂၇၀)။

၇။ ပဒကုသလဇာတ်တွင်သူခိုး၏ခြေရာကိုသိ၍ လေကဲ့သို့လည်း လျင်မြန်စွာ သွားနိုင်သော တန်ခိုးကြီးသော မန္တာန်ရှိ ကြောင်းလာ၏။ (နဝမနိပါတ်၊တ-အုပ်၊ဆဋ္ဌ၊နှာ-၄၇၇)။

၈။ သမုဂ္ဂဇာတ်တွင် လောကီဝိဇ္ဇာတို့၏ သိဒ္ဓိဆယ်ပါး ပေါက် မြောက်သော လောကီပညာအစွမ်းများရှိကြောင်း လာ၏။ (နဝကနိပါတ်၊တ-အုပ်၊ဆဋ္ဌ၊နှာ-၅၀၁)။

၉။ ခန္ဓဇာတ်တွင် မြွေကိုက်ခဲသောဘေးကို မန္တာန်ဖြင့် ကုသ၍ ရကြောင်း လာ၏။ (ခန္ဓသုတ် ပရိတ်တော် တည်း)။ (ဇာတက၊ဒု-အုပ်၊ဆဋ္ဌ၊နှာ-၁၃၂)။

၁၀။ မစ္ဆဇာတ်တွင် ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင် မိုးကို နှေချင်း ရွာချစေတော် မူခြင်း။ (အဘိ မယာ ဒေဝ ဝဿာပေတုံ ဝဋ္ဋတိ)။အတိတ်ဝတ္ထု၌လည်း ငါးမင်းသည် 'သူ့အသက်ကို မသတ်၊သူ့အသားကိုလည်းမစား၊ ဤသစ္စာစကားကြောင့်

မိုးရွာ ပါစေသတည်း'ဟု သစ္စာဆို၍ ပေါက္ခရဏီ ရေကန် အစရှိသည်တို့ကို မိုးရေပြည့်လျှံဘူးကြောင်းလာ၏။ (ဇာတက၊ ပ-အုပ်၊ ဝရုဏဝဂ်၊ ဆဋ္ဌ၊နှာ-၃၅၀)။

ဂုင်းပြင် ပုနာပရံ ယဒါ ဟောမိ-အစချီသော ဂါထာအစ၊ ဝဿာပေသိ မဟံ မေဃံ-အစချီသော ဂါထာ အဆုံး ရှိသည့် ဂါထာတော်တို့ကို မိုးရွာ စေသော ငါးရံ့မင်း ပရိတ်တော်ဟူ၍ အသိအမှတ် ပြုခဲ့ကြသည်။ သာသနာ့ဝင် အဆက်ဆက် ဆရာစဉ် မပျက် အသုံး ပြုခဲ့ကြသော မိုးမန္တာန် လက်ဟောင်း ကြီးပင် ဖြစ်သည်။ (ခုဒ္ဒကနိကာယ်၊ စရိယပိဋကပါဠိ၊ မစ္ဆရာဇစရိယ၊ ဆဋ္ဌ၊နှာ-၄၁၅-၄၁၆)။

ထိုမှတပါး ပရိတ်ကြီး ပါဠိတော် တို့၏ မျက်မှောက် အရံ အတား ဘေးအန္တရာယ် တို့ကို ကာကွယ်သော သက်သေများ၊ ကလျာဏီ ကျောက်စာလာ ရာမညတိုင်း သာသနာ့ဝင် အခန်း၌ သောဏဥတ္တရမထေရ်တို့၏ ဗြဟ္မဇာလသုတ်တော်ကို ဟောခြင်း၊ သမုဒ္ဒရာ ဘီလူး ဘေးမှ သုဝဏ္ဏဘူမိသား တို့အား ကယ်မခြင်း စသော သာဓကများကား များစွာပင်ရှိပေသည်။

အထက် ဖော်ပြပါ သာဓကတို့တွင် ငါးမင်း၏ အကျင့်သီလ သစ္စာ တန်ခိုးကြောင့် မိုးရွာသွန်းစေပုံကို မှတ်သားသင့်လှ၏။ အတု ယူသင့်လှ၏။ စာပေလောကတိုက်မှ ရိုက်နှိပ်သော ဤ အန္တရာယ်ကင်း အမျိုးမျိုး စာအုပ် ငယ်၌လည်း ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ မိုးပရိတ်၊ မိုးကမ္ဘဝါ အန္တရာယ် ကင်းစေသော အစီအစဉ် အစရှိသော ဂါထာတော် များကို စုဆောင်းကာ ရိုက်နှိပ်ထားပေသည်။

'လယ်တီဆရာတော်သည် တခေတ်တခါချိန်က ဗုဒ္ဓဘာသာဝင် တို့၏ ဘုရားငယ်တဆူပမာ အားထားမှီခိုကာ မြတ်နိုးကြည်ညို ခဲ့ကြရသည်'ဟု ဆိုလျှင် လွန်မည်မဟုတ်ပါ။ လယ်တီဆရာတော် ဘုရားကြီး သက်တော်ထင်ရှား ရှိစဉ် ၁၂၆၇-၆၈-ခုနှစ် များ၌

အနာ ရောဂါ ကပ် ဥပဒ် အမျိုးမျိုး ကျရောက်၏။ ထိုအခါ မင်းလုလင်နှင့် လူကြီးလူကောင်းများ ပင့်လျှောက်၍ ကြွရောက်တော်မူပြီး ပရိသတ် ငါးထောင်ကျော် တရားပွဲကြီး၌ အန္တရာယ်ကင်း ပါဠိ ဂါထာတော်များကို ပေးတော်မူသည်။ အန္တရာယ်လည်း ကင်းရှင်း ကြကုန်၏။ ၎င်းနောက် ၁၂၇၅-၇၆-ခုနှစ် များ၌ မိုး အလွန်ခေါင်၍ ပြည်သူ အများ ဒုက္ခ ဆင်းရဲ ကြုံနေရစဉ် မိုးပရိတ်၊ မိုးကမ္မဝါတို့ဖြင့် မိုးရွာစေသော အစီအစဉ်ကို ပြုစေတော်မူခဲ့ပြန်သည်။ (မိုးအစီအစဉ် အတွင်း၌ ပါသည်)။

၎င်းပြင် ရှေး ဆရာတော် ကြီးများ လက်သုံး ဖြစ်သော ဓာရဏပရိတ်-သမ္ဗုဒ္ဓေဂါထာတော်ကြီး-ဂုဏ်တော်ပုတီးစိပ်နည်း စသော တိမ်မြုပ် ကွယ်ပျောက်လှမတတ် ဖြစ်နေသည့် ဘာသာ ယဉ်ကျေးမှု အဆီအနှစ် ဂါထာများ ပါဝင်ရိုက်နှိပ် ထားသဖြင့် တန်ဘိုးရှိသော စာတအုပ်ပင် ဖြစ်ပေသည်။

ခြုံငုံ၍ ဆိုရသော် ရှေး သူတော်စင် သူတော်ကောင်းကြီး တို့သည် လောကုတ်-လောကီ နှစ်လီသောပညာနည်းလမ်းတို့ဖြင့် 'ကျင့်'သုံး၍ ရအပ်သော သီလ၊ သမာဓိ၊ ပညာ အစိဋ္ဌာန်သစ္စာ တန်ဘိုး တို့ဖြင့် မျက်မှောက် ဘေးဒဏ် အန္တရာယ် အဝဝတို့မှ ကင်းပလျက်၊ လိုလားအပ်သော ရည်ရွယ်ချက်များကို မပင်မပန်း ပြီးစီးနိုင်သော၊ ပန်ဆင်သော 'ဆု'များလည်း လွယ်ကူစွာ'ပြည့်' နိုင်သော ဤစာသည်ယပါဠိ။

သုခိတာ ဟောထ ဒုက္ခ မုဥ္စထ။

ချောင်းဦး-မောင်စန္ဒာ၊

## ဂြိုဟ်ကြီးရှစ်လုံး စည်းချရန်
## အန္တရာယ်ကင်းဂါထာများ

၁။ သဗ္ဗေ ဗုဒ္ဓါ ဣဒ္ဓိ ပတ္တာ၊ ပစ္စေကာနဉ္စ ယာဣဒ္ဓိ၊ အရဟန္တာ
နဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

(အရှေ့မြောက်)

၂။ သဗ္ဗေ ဗုဒ္ဓါ ခေမ ပတ္တာ၊ ပစ္စေကာနဉ္စ ယော ခေမော၊
အရဟန္တာ နဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

( အရှေ့ တည့်တည့်)

၃။ •သဗ္ဗေ ဗုဒ္ဓါ ဇိန ပတ္တာ၊ ပစ္စေကာ နဉ္စ ယော ဇိ နော၊
အရဟန္တာ နဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

(အရှေ့တောင်)

၄။ သဗ္ဗေဗုဒ္ဓါ လာဘပတ္တာ၊ ပစ္စေကာ နဉ္စ ယော လာဘော၊
အရဟန္တာ နဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

(တောင်တည့်တည့်)

၅။ သဗ္ဗေ ဗုဒ္ဓါ တေဇ ပတ္တာ၊ ပစ္စေကာ နဉ္စ ယော တေဇာ၊
အရဟန္တာ နဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗ သော။
(အနောက်တောင်)

၆။ သဗ္ဗေ ဗုဒ္ဓါ ဗလ ပတ္တာ၊ ပစ္စေကာ နဉ္စ ယံ ဗလံ၊
အရဟန္တာ နဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗ သော။
(အနောက်တည့်တည့်)

၇။ သဗ္ဗေ ဗုဒ္ဓါ ယသ ပတ္တာ၊ ပစ္စေကာ နဉ္စ ယောယသော၊
အရဟန္တာ နဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗ သော။
(အနောက်မြောက်)

၈။ သဗ္ဗေ ဗုဒ္ဓါ သိရိပတ္တာ၊ ပစ္စေကာ နဉ္စ ယာသိရိ၊
အရဟန္တာ နဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗ သော။
(မြောက်တည့်တည့်)

*။ တနင်္ဂနွေထောင့် အရပ်မှစ၍ အစဉ်အတိုင်း လက်ယာသို့ ထိုး၍ စည်းချပါလေ။

---

## (၂၄)ပစ္စည်း ပဋ္ဌာန်း ပါဠိတော်

ဟေတု ပစ္စယော၊ အာရမ္မဏ ပစ္စယော၊ အဓိပတိ ပစ္စယော၊ အနန္တရ ပစ္စယော၊ သမနန္တရ ပစ္စယော၊ သဟာ ဇာတ ပစ္စယော၊ အည မညပစ္စယော၊ နိဿယ ပစ္စယော၊ ဥပ နိဿယ ပစ္စယော၊ ပုရေဇာတပစ္စယော၊ ပစ္ဆာဇာတ ပစ္စယော၊ အာသေဝန ပစ္စယော၊ ကမ္မ ပစ္စယော၊ ဝိပါက ပစ္စ ယော၊ အာဟာရ ပစ္စယော၊ ဣန္ဒြိယ ပစ္စယော၊ ဈာန ပစ္စယော၊ မဂ္ဂ ပစ္စယော၊ သမ္ပ

ယုတ္တာ ပစ္စယော၊ ဝိပ္ပယုတ္တာ ပစ္စယော၊ အတ္ထိ ပစ္စယော၊ နတ္ထိ ပစ္စယော၊ ဝိဂတ ပစ္စယော၊ အဝိဂတ ပစ္စယော ဟောတိ။

ဣဒံ-ပဋ္ဌာနတ္ထံ ဒေသတံ ဗုဒ္ဓံ အဟံ ဝန္ဒာမိ။

ဤပစ္စယုဒ္ဒေသ ပဋ္ဌာန်းပါဠိတော်ကို အရံအတား အကာအကွယ်ပြု၍စည်းချတတ်ကြသည်၊ မိမိအိမ်ဝန်းခြံနယ်ပယ်ကို စိတ်မှန်း၍ ညအိပ်ရာဝင် ရွတ်ဖတ်သရဇ္ဈာယ်ကာ စည်းချရသည်၊ ခိုးသား ဓားမြစသော ဘေးအပေါင်းမှလွတ်၏။

ရှေးက ဆရာတော်ကြီးများသည် သစ်စည်၊ ထုံး၊ ကြေးမောင်း ကြေးစည် တီးရာ၌ ဤ၂၄-ပစ္စည်းကို ရွတ်ဆို၍ ၂၄-ချက် ထိုးနှက်စေ၏။ မြို့ရွာ အနန္တရာယ်ကင်း၏ဟု ယူ၏။ ၎င်းပြင် ၂၄-ပစ္စည်းကို ပုတီးငယ်ဖြင့်ပင် ပုတီးစိပ်နည်းကိုလည်း ထားတော်မူခဲ့ကြ၏။

———

## အနန္တရာယ်ကင်း ဂါထာတော်

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ

(၁) ဗုဒ္ဓေါစ-မင်္ဂလော-လောကေ။
သမ္ဗုဒ္ဓေါစာပိ-လောကဂ္ဂေါ။
ဗုဒ္ဓံ-သရဏ-မာဂမ္မ။
သဗ္ဗဒုက္ခာ-ပမုစ္စရေ။ ။

(၂) ဓမ္မောစ-မင်္ဂလော-လောကေ။
ဂမ္ဘီရော-ဟောတိ-ဒုဒ္ဒသော။
ဓမ္မံ-သရဏ-မာဂမ္မ။
သဗ္ဗဒုက္ခာ-ပမုစ္စရေ။ ။

(၃) သံဃောစ-မင်္ဂလော-လောကေ။
ဒက္ခိဏေယျော-သဒါဟောတိ။
သံဃံ-သရဏ-မာဂမ္မ။
သဗ္ဗဒုက္ခာ-ပမုစ္စရေ။ ။

(ရှေးရှေးသော ကျမ်းတတ် ပုဂ္ဂိုလ်ကြီးများ အမြဲ ဆောင် ရွက်တော်မူကြသော အဋ္ဌာနာယကင်း ၃-ဂါထာ။ ။အရ ကျက်၍ အိပ်ရာဝင်တိုင်း အမြဲ သက်စေ့ရွတ်၍အိပ်။ ရောဂါဆိုး၊ အနာဆိုး၊ ကပ် ဥပဒ်မျိုးတို့မှ လွတ်ကင်းစေတတ်၏။ ။ နေ့အဘို့မှာလည်းတဂါထာလျှင် ပုတီးတပတ်စီအမြဲဝတ်ထား၍ စိတ်ရာ၏။)

## အနက်ကား

(၁) လောကေ။ လောကသုံးပါး၌။ဗုဒ္ဓေါစ ။မြတ်စွာဘုရား သည်လည်း။ မင်္ဂလော။ အတုမရှိသော မင်္ဂလာကြီးတဆူ ဖြစ် တော်မူပေ၏။ သမ္ဗုဒ္ဓေါစာပိ။ မကြွင်းမကျန် အမြင်သန်သော သယမ္ဘူဉာဏ် သဗ္ဗညုတ ဉာဏ်နှင့်လည်း ပြည့်စုံတော်မူပေ၏။ လောကဂ္ဂေါ။ လောကသုံးပါးထက် ကြီးမြတ်တော်မူပေ၏။ ဗုဒ္ဓံ သရဏံ။ မြတ်စွာဘုရား တည်းဟူသော ကိုးကွယ်ရာကို အာဂမ္မ။ အစွဲပြု၍။ သတ္တာ၊ သတ္တဝါ အပေါင်းတို့သည်။ သဗ္ဗ

ဒုက္ခေဟိ။ ခပ်သိမ်းသော ဆင်းရဲဒုက္ခ အပေါင်းတို့မှ။ ပမုစ္စရေ-ပမုစ္စန္တိ။ ကင်းလွတ်ကြကုန်၏။

(၂) လောကေ၊ လောက ၃-ပါး၌။ ဓမ္မောစ၊ တရားတော်မြတ်သည်လည်း မင်္ဂလော။ အတုမရှိသော မင်္ဂလာကြီး တဆူဖြစ်တော်မူပေ၏။ ဂမ္ဘီရော၊ အလွန်နက်နဲလှ၏။ ခုဒ္ဒသော။ အလွန် သိနိုင်မြင်နိုင်မြင်နိုင်ခဲသည်။ ဟောတိ ဖြစ်၏။ ဓမ္မံသရဏံ၊ တရားတော် တည်းဟူသော ကိုးကွယ်ရာကို။ အာဂမ္မ အစွဲပြု၍။ သတ္တာ။ သတ္တဝါအပေါင်းတို့သည်။ သဗ္ဗဒုက္ခာ သဗ္ဗဒုက္ခေဟိ။ ခပ်သိမ်းသော ဝဋ္ဋဒုက္ခအပေါင်းတို့မှ။ ပမုစ္စရေ-ပမုစ္စန္တိ၊ ကင်းလွတ်ကြကုန်၏။

(၃) လောကေ၊ လောကသုံးပါး၌။ သံဃောစ၊ သံဃာတော်သည်လည်း။ မင်္ဂလော၊ အတုမရှိသော မင်္ဂလာကြီးတဆူဖြစ်တော်မူပေ၏။ သဒါ၊ အခါခပ်သိမ်း။ ဒက္ခိဏေယျော၊ မြတ်သောအလှူကို ခံတော်မူထိုက်သည်။ ဟော တိ၊ ဖြစ်၏။ သံဃံသရဏံ၊ သံဃာတော်မြတ်တည်းဟူသော ကိုးကွယ်ရာကို။ အာဂမ္မ၊ အစွဲပြု၍။ သတ္တာ၊ သတ္တဝါအပေါင်းတို့သည်။ သဗ္ဗဒုက္ခာ-သဗ္ဗဒုက္ခေဟိ၊ ခပ်သိမ်းသော ဝဋ္ဋဒုက္ခ အပေါင်းတို့မှ။ ပမုစ္စရေ-ပမုစ္စန္တိ၊ ကင်းလွတ်ကြကုန်၏။ ။

(ဤအနက်စုကိုမူကား တနေ့လျှင် ၀ါခေါက်ကျ ဘုရားရှိခိုးရာ၏။)

၄ပ၄၅——

နာညတြ ဗောဇ္ဈာ-တပသာ။
နာည-တြိန္ဒြိယ-သံဝရာ။
နာညတြ သဗ္ဗနိဿဂ္ဂါ။
သောတ္ထိံ-ပဿာမိ-ပါဏိနံ။

ဒေဝပုတ္တ၊ သုဗြဟ္မာဟု၊ နာမသင်ရှား၊ သင်နတ်သား။ ဗောဇ္ဈာ၊ ဗောဓိဉာဏ်၏ အကြောင်းဖြစ်သော။ တပသာ၊ အကျင့်ကို။ အညတြ၊ လွှတ်ထား၍။ ပါဏိနံ၊ သတ္တဝါတို့၏။ သောတ္ထိံ၊ ချမ်းသာခြင်းကို။ နပဿာမိ၊ ငါဘုရားမြင်တော်မမူ။ ဣန္ဒြိယ သံဝရာ၊ ဣန္ဒြိယသံဝရသီလကို။ အညတြ၊ လွှတ်ထား၍။ ပါဏိနံ၊ သတ္တဝါတို့၏။ သောတ္ထိံ၊ ချမ်းသာခြင်းကို။ နပဿာမိ၊ ငါဘုရား မြင်တော်မမူ။ သဗ္ဗနိဿဂ္ဂါ၊ ဥပဓိတရား လေးပါးအစုံ အကုန် စွန့်လွှတ်ရာဖြစ်သော နိဗ္ဗာန်ကို။ အညတြ၊ လွှတ်ထား၍။ ပါဏိနံ၊ သတ္တဝါတို့၏။ သောတ္ထိံ၊ ချမ်းသာခြင်းကို။ နပဿာမိ၊ ငါဘုရား မြင်တော်မမူ။

(ဤဂါထာကို ဣရိယာ ပထ လေးပါးတို့၌ တတ်အားသမျှ ရွတ်ဘတ်သရဇ္ဈာယ်လျှင် ဘေးဒဏ်အန္တရာယ် အပေါင်း၊ ကပ်ဥပဒ် အပေါင်းတို့မှ ကင်းလွတ်နိုင်၏။ ။ဤ ဂါထာ သည် သဂါထာဝဂ္ဂသံယုတ်၌ သုဗြဟ္မနတ်သားကို အကြောင်းပြု၍ မြတ်စွာဘုရား ဟောတော်မူသော ဂါထာ တည်း။ ။ဤ ဂါထာ၏ အတ္ထုပ္ပတ္တိကို အမြွက်မျှဆိုလိုက်အံ့။)

တာဝတိံသာ နတ်ပြည်၌ သုဗြဟ္မာ အမည်ရှိသော နတ်သား သည် နတ်သမီးအပေါင်း တထောင်ခြံရံလျက် နန္ဒဝန်ဥယျာဉ် ကစားရန်အလို့ငှာ ကြီးကျယ်စွာသော နတ်တို့ ကြက်သရေဖြင့်

တက်လာခဲ့၍ နန္ဒဝန်ဥယျာဉ် ပင်လယ်ကသစ်ပင်ရင်း ခင်းထားအပ်သော နတ်တို့နေရာ၌ တင့်တယ်စွာနေလေ၏။ ထိုအခါ ငါးရာသော နတ်သမီးတို့သည် ထိုသုဗြဟ္မနတ်သားကို ခြံရံခစားနေကြကုန်၏။ ငါးရာသော နတ်သမီးတို့သည်မူကား ပျော်ရွှင်မြူးတူး ကစားကြကုန်လျက် ပင်လယ်ကသစ်ပင်သို့ တက်ကြကုန်ပြီးလျှင် သာယာစွာသော နတ်တို့၏ သီချင်းကို ဆိုကြကုန်လျက် ပင်လယ် ကသစ်ပန်းတို့ကို ဆွတ်ချေကြကုန်၏။ အောက်၌ရှိနေသော ငါးရာသော နတ်သမီးတို့သည် ကြွေကျသော ပင်လယ် ကသစ်ပန်းတို့ကို ကောက်ယူ ကုံးသီ၍ နတ်မင်းကြီးကို ဆင်ယင်ကြကုန်၏။ ထိုအခါ ပင်လယ်ကသစ်ပင်ထက်၌ ရှိသော နတ်သမီးတို့သည် ရှေးရှေးကပြုခဲ့သော ဥပစ္ဆေဒကကံကြောင့် တပြိုင်နက်စုတေ၍ အဝီစိငရဲကြီး၌ ကျရောက်ကြလေကုန်၏။ ထိုအခါ သုဗြဟ္မနတ်သားသည် သီချင်းသံကိုလည်း မကြားရ။ ကြွေကျသော ပန်းများကိုလည်း မမြင်ရသဖြင့် အဘယ်သို့ အကြောင်းရှိလေသနည်းဟု ဆင်ခြင်လေသော် ငါးရာလုံး စုတေ၍ အဝီစိငရဲ၌ ကျရောက်ကြသည်ကို မြင်လေ၏။ ထိုအခါ အလွန်တရာ ချစ်ခင်လှစွာသော သူတို့နှင့် ကွေကွင်းရခြင်းတည်းဟူသော ပိယဝိပ္ပယောဂ၊ ဒုက္ခမီး ဖိစီးနှိပ်စက်သည့်ပြင် နှစ်သက် ချစ်ခင်လှစွာသော နတ်သမီးတို့ကို ငိုယိုအော်ဟစ်လျက် မရှုစုံမမြင်စုံ ဆင်းရဲဒုက္ခ ခံနေရသည်တို့ကို မြင်ရသည့်အတွက် အတိုင်းထက်အလွန် ပူပန် ပင်ပန်းခြင်း ဖြစ်ရလေ၏။ ထိုနောက်တဖန် ဤသို့ဆင်ခြင်ပြန်၏။ ငါ၏ အလုပ်အကျွေးဖြစ်ကြကုန်သော ဤနတ်သမီးတို့သည် ခဏခြင်းတပြိုင်နက်စုတေ၍ အဝီစိငရဲသို့ ကျရောက်ရှာကြကုန်ချေပြီတကား။ ငါ၏ အသက်

ကြွင်းသည်လည်း ဘယ်မျှလောက် ရှိပါလိမ့်မည်နည်းဟု ဆင်ခြင်လေသော် ယခုနေ့နေ့ခက် ခုနစ်ရက်မြောက်လျှင် ကျန်ရှိနေသော နတ်သိုး ငါးရာတို့နှင့်တကွ တပြိုင်နက်စုတေ၍ အဝီစိငရဲ၌ပင် ဖြစ်ကြလိမ့်မည်ဟု ကေန်အမှန်သိမြင်လေ၏။ ထိုသို့သိမြင်ရပြန်လေရာ ကြောက်လန့်ပူပန်ခြင်း ပြင်းထန်စွာဖြစ်လာ၍ ကိုးကွယ်ရာကိုရှာလေလျှင် တစုံတယောက်သော ကိုးကွယ်ရာကိုမျှ မတွေ့မမြင်မူ၍ မြတ်စွာဘုရားသည်သာလျှင် ငါ၏သောကကို ငြိမ်းစေနိုင်ရာ၏ ဟုသိမြင်၍ အလျင်အမြန် မြတ်စွာဘုရား၏အထံသို့ လာခဲ့ပြီးကာ ခြေတော်စက်စုံ ကြာပဒုံကို ခိုလှုံဝပ်တွားပြီးလျှင် ဤဂါထာဖြင့် မြတ်စွာဘုရားကို လျှောက်ကြားလေ၏။

"နိစ္စံ-ဥတြတ္တံမိဒံစိတ္တံ။
နိစ္စံ-ဥဗ္ဗိဂ္ဂ-မိဒံမနော။
အနုပ္ပန္နေသု-ကိစ္စေသု။
အထော-ဥပ္ပတိတေသုစ။
သစေ-အတ္ထိ-အနုတြတ္တံ။
တံ-မေ-အက္ခာဟိပုစ္ဆိတော"

(ဤဂါထာကို အန္တရာယ်ကင်းရွတ်ရန် ထည့်သည်မဟုတ်။ နတ်သားလျှောက်ထားသော ဂါထာဖြစ်၍ စကားစပ်လျဉ်းသည့်အတွက် ထည့်လိုက်သည်။)

## အနက်ကား

ဘန္တေ၊ ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မသော မြတ်စွာဘုရား။ အနုပ္ပန္နေသု၊ မဖြစ်သေးကုန် မဆိုက်

သေးကုန်သော။ ကိစ္စေသုစ၊ ခုနစ်ရက်တိုင်လျှင်စုတေ၍ အဝီစိသို့ ကျရမည့်ဘေး အရေးကိစ္စတို့ကြောင့်ရင်း။ အထော၊ထိုမှတပါး။ ဥပ္ပတိတေသုစ၊ ဆိုက်ရောက်ပြီးဖြစ်ကုန်သော။ ကိစ္စေသု၊ ချစ်လှစွာသော နတ်သမီးငါးရာတို့၏ အဝီစိသို့ ကျနေပြီးသည်ကိုမြင်ရ၍ စိုးရိမ်ပူပန်လှသော ကိစ္စတို့ကြောင့်ရင်း။ ဠဒ္ဓိစိတ္တံ၊ ဤအကျွန်ုပ်စိတ်သည်။ နိစ္စံ၊ အမြဲလျှင်။ ဥတြတ္တံ၊ တထိတ်ထိတ် တလန့်လန့် ဖြစ်၍နေခဲ့ချေပြီ။ ဣမံမနော၊ ဤအကျွန်ုပ်၏စိတ်သည်။ နိစ္စံ၊ အမြဲလျှင်။ ဥဗ္ဗိဂ္ဂံ၊ တလှုပ်လှုပ် တလှုက်လှုက် သွေးပျက်လုခမန်း ဖြစ်၍နေပြီ။ ဘန္တေ၊ မြတ်စွာဘုရား။ အနုတြတ္တံ၊ မထိတ်မလန့် မတုန်မလှုပ်နိုင်သောတရားသည်။ သစေအတ္ထိ၊ အကယ်ရှိပါသည် ဖြစ်အံ့။ တံ၊ ထိုသို့ မထိတ်မလန့်ရာသော တရားကို။ ပုဋ္ဌိတော၊ မေးမြန်း လျှောက်ထားအပ်သော ရှင်ပင် ဘုရားသည်။ မေ၊ အကျွန်ုပ် သုပြဟ္မနတ်သားအား။အက္ခာဟိ၊ သနားသဖြင့် ဟော ကြားပြတော်မူပါလော။

ဤဂါထာဖြင့် လျှောက်ထားလေရာတွင်မှ မြတ်စွာဘုရား သခင်သည် နာညတြဗောဇ္ဈာတပသာ ဟူသော ဂါထာကို ဟောကြားတော်မူ၏။ ဤ နာညတြဗောဇ္ဈာတပသာ ဟူသော ဒေသနာတော်ကို ကြားနာရသည်၏အဆုံး၌ အလုံးစုံ ထိတ်လန့် ထုန်လှုပ်သော စိတ်ပျောက်ငြိမ်း၍ အမြိုက်ရေဖြင့် တခါတည်း သွန်းလောင်းဘိသကဲ့သို့ အေးမြချမ်းသာစွာ သောတာပတ္တိဖိုလ် ၌ တည်လေ၏။ ဤကား သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာ၌ လာသော အတ္ထုပ္ပတ္တိတည်း။

## အကာတော်ကြီး ဂါထာတော်

အဋ္ဌာန-မေတံ ဘိက္ခဝေ အနဝကာသော။ ယံပရူပက္ကမေန-တထာဂတံ-ဇီဝိတာဝေါရောပေယျ။ ။(သူတပါး ပယောဂ အတွက် အန္တရာယ်မျိုးနှင့် စိုးရိမ်ကြောင့်ကြမကင်း ရှိလျှင် ရွတ်လေ။)

## အနက်ကား

ဘိက္ခဝေ၊ ရဟန်းတို့။ ပရူပက္ကမေန၊ သူတပါးတို့၏ လုံ့လ ပယောဂဖြင့်။ တထာဂတံ၊ ငါဘုရားကို။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ ယံဝေါရောပေယျ၊ အကြင်ချရာ၏။ ဧတံ၊ ဤသို့ သူတပါး လုံ့လပယောဂဖြင့် ငါဘုရားကို ဇီဝိတိန္ဒြေမှ ချခြင်းအမှုသည်။ အဋ္ဌာနံ၊ ဖြစ်မြောက်နိုင်သော အကြောင်းမဟုတ်။ အနဝကာသော။ ဖြစ်မြောက်နိုင်သော အရာမဟုတ်။

(ဤပါဠိတော်ကား စူဠဝါပါဠိတော် သံဃဘေဒက္ခန္ဓက၌ လာ၏။ ။ဒေဝဒတ်သည် မြတ်စွာဘုရားကို ကျောက်ဖြင့် လှိမ့်ချခြင်း၊ နာဠာဂိရိဆင်ဖြင့် တိုက်ခြင်းစသော အမျိုးမျိုးသော ပယောဂတို့ဖြင့် ဇီဝိတိန္ဒြေမှ ရွေ့လျောအောင် ပြုလုပ်သဖြင့် တပည့်သားတော် ရဟန်းများတို့က စိုးရိမ်မကင်းရှိကြရာတွင် ထိုစိုးရိမ်ခြင်းမှ ကင်းကြစေရန် မြတ်စွာဘုရားဟောကြားတော်မူသော ပါဠိတော်ပေတည်း။)

## အကာတော်ကြီး ဂါထာ

(၁) ကကုသန္ဓော-ကောဏာဂမနော။
ကဿပေါ-ဂေါတမော-မုနိ။
မေတ္တေယျော-ပဉ္စ-ဗုဒ္ဓါ-တေ။
သီသေမေ-သေန္တု-သဗ္ဗဒါ
(၂) တေသံ အာနုဘာဝေန။
ယက္ခာဒေဝါ မဟိဒ္ဓိကာ။
သဗ္ဗေပိ သုခိတာဟောန္တု။
မမ-မိတ္တာ-သဟာယကာ။
(အိပ်ခါနီးတွင် သုံးခေါက် အမြဲရွတ်လေ။)

## အနက်ကား

(၁) ကကုသန္ဓော၊ ကကုသန် မြတ်စွာဘုရားသည်၎င်း။ ကောဏာဂမနော၊ ကောဏာဂုမ်မြတ်စွာဘုရားသည်၎င်း။ ကဿပေါ၊ ကဿပမြတ်စွာဘုရားသည်၎င်း။ ဂေါတမော၊ ဂေါတမ အမည်တော်ရှိသော။မုနိ၊မြတ်စွာဘုရားသည်၎င်း။မေတ္တေယျော၊ မေတ္တေယျ မြတ်စွာဘုရားသည်၎င်း။ ပဉ္စ၊ ငါးဆူကုန်သော။ တေဗုဒ္ဓါ၊ ထိုမြတ်စွာဘုရားသခင်တို့သည်။ မေ၊ အကျွန်ုပ်၏။ သီသေ၊ ဦးခေါင်းထက်၌။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သေန္တု၊ ကိန်းအောင်း မွေ့လျော် တည်နေတော် မူကြပါစေကုန်သတည်း။

(၂) တေသံ၊ ထိုမြတ်စွာဘုရား ငါးဆူတို့၏။ အာနုဘာဝေန၊ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့်။ မဟိဒ္ဓိကာ၊

ကြီးမြတ်သော တန်ခိုးရှိကြပေကုန်သော။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ယက္ခာ၊ ဘီလူးတို့သည်ရင်း။ ဒေဝါ၊ နတ်အပေါင်းတို့သည်ရင်း။ သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ မမ၊ အကျွန်ုပ်၏။ မိတ္တာ၊ အဆွေအမျိုးတို့သည်ရင်း။ သဟာယကာ။ အဘော်သဟဲ တို့သည်ရင်း။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

(ဤဂါထာကား ဆရာတော်ဘုရားကြီး သီကုံး ရေးသားတော်မူ၍ ဘေးအန္တရာယ် ကင်းရှင်းကြရန် တပည့်ဒါယကာတို့ အရကျက်၍ဆောင်ရွက်စေသော အန္တရာယ်ကင်းဂါထာတည်း။)

---

## အာဝေနိက ဂုဏ်တော်ပါဌ်

ဗုဒ္ဓါနံ-ဇီဝိတဿ-နသက္ကာ-ကေနစိ-အန္တရာယော ကာတုံ။ ဗုဒ္ဓါနံ- သဗ္ဗညု- တညာဏဿ - နသက္ကာ - ကေနစိအန္တရာယော ကာတုံ။

(၁) အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။ (၂) အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။ (၃) ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။ ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာ ဂတဿ ဗုဒ္ဓဿ ဘဂဝတော။ (၄)သဗ္ဗံကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာ နုပရိဝတ္တံ။ (၅)သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။ (၆) သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။ ဣမေဟိ ဆဟိ ဓမ္မေဟိ

သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော။ (၇) နတ္ထိ ဆန္ဒဿ ဟာနိ။ (၈) နတ္ထိ ဓမ္မဒေသနာယ ဟာနိ။ (၉) နတ္ထိဝီရိယဿ ဟာနိ။ (၁၀) နတ္ထိ သမာဓိဿ ဟာနိ။ (၁၁) နတ္ထိပညာယ ဟာနိ (၁၂) နတ္ထိ ဝိမုတ္တိယာ ဟာနိ။ ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော။ (၁၃) နတ္ထိ ဒဝါ။ (၁၄) နတ္ထိ ရဝါ။ (၁၅) နတ္ထိ အပ္ဖုဋ္ဌံ။ (၁၆) နတ္ထိ ဝေဂါယိတတ္တံ။ (၁၇) နတ္ထိ အဗျာဝဋမနော။ (၁၈) နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ။ ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နသက္ကာ ကေနစိ အန္တရာယော ကာတုံ။

(ဤအာဝေနိက ဂုဏ်ပေါ်ပါဠိကို ညတိုင်း ရွတ်လေ။)

## အာဝေနိကဂုဏ်တော်ပါဠိ

## အနက်အကျဉ်းကား

ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ ဇီဝိတဿ၊ ဇီဝိတိန္ဒြေတော်၏ အန္တရာယော၊ အန္တရာယ်ကို။ ကာတုံ၊ ပြုခြင်းငှာ။ ကေနစိ။ တစုံတယောက်သော သူသည်။ နသက္ကာ၊ မတတ်နိုင်။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ သဗ္ဗညုတဉာဏဿ၊ သဗ္ဗညုတဉာဏ်တော်၏။ အန္တရာယော၊ အန္တရာယ်ကို။ ကာတုံ၊ ပြုခြင်းငှာ။ ကေနစိ၊ တစုံတယောက်သော သူသည်။ နသက္ကာ၊ မတတ်နိုင်။ (၁) အတီတံသေ၊ အတိတ်အဘို့၌။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဉာဏံ၊ သဗ္ဗညုတဉာဏ်တော်သည်။ အပ္ပဋိဟတံ၊ အပိတ်အပင် အဆီး

အတားမရှိ။ (၂) အနာဂတံသေ၊ အနာဂတ်အဘို့၌။ ဘဂဝ တော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဉာဏံ၊ သဗ္ဗညုတ ဉာဏ်တော်သည်။ အပ္ပဋိ ဟတံ။ အပိတ်အပင် အဆီးအတားမရှိ။ (၃) ပစ္စုပ္ပန္နံသေ၊ ပစ္စုပ္ပန်အဘို့၌။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့် စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဉာဏံ၊ သဗ္ဗညုတ ဉာဏ်တော်သည်။ အပ္ပဋိဟတံ၊ အပိတ်အပင် အဆီးအတားမရှိ။ ဣတိ၊ သုံးပါးကုန်သော။ ဣမေဟိဓမ္မေဟိ၊ ဤတရားတော်တို့ နှင့်။ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။ ဘဂဝတော။ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ် စွာဘုရား၏။ (၄) သဗ္ဗံ၊ အလုံးစုံသော။ ကာယကမ္မံ၊ ကာယ ကံတော်သည်။ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်တော်လျှင် ရှေ့သွားရှိ၏။ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော်သို့ အစဉ်လိုက်၏။ (၅) သဗ္ဗံ၊ အလုံး စုံသော။ ဝစီကမ္မံ၊ ဝစီကံတော်သည်။ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်တော် လျှင် ရှေ့သွားရှိ၏။ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော်သို့ အစဉ် လိုက်၏။ (၆) သဗ္ဗ၊ အလုံးစုံသော။ မနောကမ္မံ၊ မနောကံ တော်သည်။ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်တော်လျှင် ရှေ့သွားရှိ၏။ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော်သို့ အစဉ်လိုက်၏။ ။ဆဟိ၊ခြောက် ပါးကုန်သော။ ဣမေဟိဓမ္မေဟိ၊ ဤတရားတို့နှင့်။ သမန္နာ ဂတဿ၊ ပြည့်စုံတော်မူသော။ ဘဂဝတော၊ ဘုန်းတော်ခြောက် ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ (၇) ဆန္ဒဿ၊ ဆန္ဒတော်၏။ ဟာနိ၊ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊မရှိ။ (၈) ဓမ္မဒေသနာယ၊ တရားဟောတော်မူခြင်း၏။ ဟာနိ၊ ယုတ် လျော့ခြင်းသည်။ နတ္ထိ၊ မရှိ။ (၉) ဝီရိယဿ၊ ဝီရိယတော်၏။

ဟာနိ၊ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ မရှိ။ (၁၀) သမာဓိဿ၊ သမာဓိတော်၏။ ဟာနိ၊ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ မရှိ။ (၁၁) ပညာယ၊ ပညာတော်၏။ ဟာနိ၊ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ မရှိ။ (၁၂) ဝိမုတ္တိယာ၊ အရဟတ္တဖိုလ် တရားတော်မြတ်၏။ ဟာနိ၊ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ မရှိ။ ။ ဒွါဒသဟိ၊ တဆဲ့နှစ်ပါးကုန်သော။ ဣမေဟိဓမ္မေဟိ၊ ဤတရားတို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားသခင်အား။ (၁၃) ဒဝါ၊ ပျက်ချော် ဖျင်းပေါ့အသော့ အသွမ်း၊ ရွှင်ယန်းမြူးရယ် ကျီစယ်၍ ပြုတော်မူခြင်းသည်။ နတ္ထိ၊ မရှိ။ (၁၄) ရဝါ၊ ချွတ်ချွတ်ယွင်းယွင်း ပြုတော်မူခြင်းသည်။ နတ္ထိ၊ မရှိ။ (၁၅) အပ္ဖုဋ္ဌံ၊ ဉာဏ်တော်ဖြင့် မထိမနှံသော အရာမည်သည်။ နတ္ထိ၊ မရှိ။ (၁၆) ဝေဂါယိတတ္တံ၊ အဆောတလျင် ပြုတော်မူခြင်းသည်။ နတ္ထိ၊ မရှိ။ (၁၇)အဗျာဝဋမနော၊ သတ္တဝါတို့၏ အကျိုးစီးပွားနှင့်စပ်လျဉ်း၍ ကြောင့်ကြစိုက်ခြင်းမှကင်းသော ရိတ်နှလုံးတော်သည်။ နတ္ထိ၊ မရှိ။ (၁၈) အပ္ပဋိသင်္ခါနုပေက္ခာ၊ ဉာဏ်ပညာမှကင်းသော လစ်လျူရှုခြင်းမည်သည်။ နတ္ထိ၊ မရှိ။ အဋ္ဌာရသဟိ၊ တဆဲ့ရှစ်ပါးကုန်သော။ ဣမေဟိဓမ္မေဟိ၊ ဤတရားတို့နှင့်၊ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။ဘဂဝတော၊ ဘုန်းတော်ခြောက်စုံ ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ ကေနစိ၊တစုံတယောက်သောသူသည်။ အန္တရာယော၊ အန္တရာယ်ကို။ ကာတုံ၊ ပြုခြင်းငှာ။ နသက္ကာ၊ မတတ်နိုင်။

---

စူဠဝါပါဠိတော်လာ ပဗ္ဗာဇနီယ ကမ္မဝါကိုမှီ၍ ဆရာတော်ဘုရားကြီး စီရင်တော်မူအပ်သော ပဗ္ဗာဇနီယ ကမ္မဝါစာ။

နမောတဿ*ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓ*ဿ

(သုံးခေါက်ဆို)

သုဏာတု၊ မေ၊ ဘ*န္တေ၊ သံဃော*။ ယေတေ အမနုဿာ၊ ဣမသ္မိံ၊ ဂါမေ၊ ဝသန္တာ၊ ဗုဒ္ဓေ*၊ အပ္ပသန္နာ၊ ဓ*မ္မေ၊ အပ္ပသန္နာ၊ သံဃေ*၊ အပ္ပသန္နာ၊ ဝိရူပါ၊ ဝိဝဏ္ဏာ*ဒုဒ္ဒသိကာ၊ စဏ္ဍာ၊ ဝါဠာ၊ ဒုဋ္ဌာ*ဥံရုဒ္ဒါ*၊ ဩရုဒ္ဒါ*၊ အဝရုဒ္ဒါ၊ တေ၊ ဂါမံ၊ ဝိဟေဌေယျုံ၊ ဝိဟေဌေ*ယျုံ၊ ဝိနာသေယျုံ၊ အပရဇ္ဈေ*ယျုံ၊ ယဒိ၊ သံဃ*ဿ၊ ပတ္တကလ္လံ၊ သံဃော*-တေအမနုဿေ၊ အဝရုဒ္ဓေါ*၊ ပဏ္ဍာမေယျ၊ ပဗ္ဗာဇေယျ၊ ပဋိက္ကာနမေယျန၊ တေဟိ၊ အမနုဿေဟိ၊ အရုဒ္ဓေ*ဟိ၊ ဣမသ္မိံ၊ ဂါမေ၊ ဝတ္ထ*ဗ္ဗန္တိ၊ ဧသာဉတ္တိ။

၎

(၁) သုဏာတု၊ မေ၊ ဘ*န္တေ၊ သံဃော*ယေ၊ တေ၊ အမနုဿာ၊ ဣမသ္မိံ၊ ဂါမေ၊ ဝသန္တာ၊ ဗုဒ္ဓေ*အပ္ပသန္နာ၊ ဓ*မ္မေ၊ အပ္ပသန္နာ၊ သံဃေ*၊ အပ္ပသန္နာ၊ ဝိရူပါ၊ ဝိဂဏ္ဏာ*၊ ဒုဒ္ဒသိကာ၊ စဏ္ဍာ၊ ဝါဠာ၊ ဒုဋ္ဌာ*၊ ဥံရုဒ္ဒါ*၊ ဩရုဒ္ဒါ*၊ အဝရုဒ္ဒါ*-တေ၊ ဂါမံ၊ ဝိဟေဌေယျုံ၊ ပိဟေဌေ*ယျုံ၊ ဝိနာသေယျုံ၊ အပရဇ္ဈေ*ယျုံ၊ သံဃော*၊ တေ၊ အမနုဿေ၊ အဝရုဒ္ဓေ*၊ ပဏ္ဍာမေတိ၊ ပဗ္ဗာဇေတိ၊ ပဋိက္ကာမေတိ၊ -န၊ တေဟိ၊ အမနုဿေဟိ၊ အဝရုဒ္ဓေ*ဟိ၊ ဣမသ္မိံ၊ ဂါမေ၊ ဝတ္တ*ဗ္ဗန္တိ၊ ယဿာယသ္မတော၊ ခမ္မ*တိ၊

တေသံ၊ အမနုဿာနံ၊ အဝရုဒ္ဓါ*နံ၊ ပဏာမနသာ၊ ပဗ္ဗဇနာ၊ပဋိက္ကာ
မနသာ၊ နု၊ တေဟိ၊ အမနုဿေဟိ၊ အဝရုဒ္ဓေ*ဟိ၊ ဣမသ္မိံ၊ဂါမေ၊
ဝတ္တ*ဗ္ဗန္တိ၊ သော၊ တုဏှဿ၊ ယဿ၊ နက္ခ*မ္မတိ၊ သော၊ ဘာ*
သေယျ။

(၂) ဒုတိယမ္ပိ၊တေမတ္တံ*၊ဝဒါမိ။ သုဏာတု၊ မေ၊ဘ*န္တေ၊
သံဃော*၊ ယေ၊ တေ၊ အမနုဿာ၊ ဣမသ္မိံ၊ ဂါမေ၊ ဝသန္တာ၊
ဗုဒ္ဓေ*၊အပ္ပသန္နာ၊ဓ*မ္မေ အပ္ပသန္နာ၊ သံဃေ*အပ္ပသန္နာ၊ ဝိရူပါ၊
ဝိဂစ္ဆာ*၊ ဒုဒ္ဒသိကာ၊ စဏ္ဍာ၊ ဝါဠာ၊ဒုဋ္ဌာ*၊ဥ°ရုဒ္ဓါ*ဩရုဒ္ဓါ*၊
အဝရုဒ္ဓါ*-တေ-ဂါမံ၊ဝိဟေသေယျုံ၊ဝိဟေဌေ*ယျုံ၊ ဝိနာသေ
ယျုံ၊ အပရဇ္ဈေ*ယျုံ၊ သံဃော*တေ၊ အမနုဿေ၊ အဝရုဒ္ဓေ*၊
ပဏာမေဟိ၊ ပဗ္ဗာဇေဟိ၊ ပဋိက္ကာမေဟိ၊ နု၊ တေဟိ၊ အမနု
ဿေဟိ၊ အဝရုဒ္ဓေ*ဟိ၊ ဣမသ္မိံ ဂါမေ၊ ဝတ္တ*ဗ္ဗန္တိ၊ ယဿာ
ယသ္မတော၊ ခ*မ္မတိ၊ တေသံ၊ အမနုဿာနံ၊ အဝရုဒ္ဓါ*၊ ပဏာ
မနာ၊ ပဗ္ဗာဇနာ၊ ပဋိက္ကာမနာ၊ နု၊ တေဟိ၊ အမနုဿေဟိ၊ အဝ
ရုဒ္ဓေ*ဟိ၊ ဣမသ္မိံ၊ ဂါမေ၊ ဝတ္တ*ဗ္ဗန္တိ၊ သော၊ တုဏှဿ၊ ယဿ၊
နက္ခ*မ္မတိ၊ သော-ဘာ*သေယျ။

(၃) တတိယမ္ပိ။ ဟေမတ္တံ*၊ ဝဒါမိ။ ။သုဏာတု၊ မေ
ဘ*န္တေ၊ သံဃော*။ ယေတေ၊ အမနုဿာ၊ဣမသ္မိံ၊ ဂါမေ၊
ဝသန္တာ ဗုဒ္ဓေ*၊ အပ္ပသန္နာ။ ဓ*မ္မေ၊ အပ္ပသန္နာ။ သံဃေ*၊
အပ္ပသန္နာ။ ဝိရူပါ။ဝိဂစ္ဆာ*၊ ဒုဒ္ဒသိကာ၊ စဏ္ဍာ၊ ဝါဠာ၊ဒုဋ္ဌာ*၊
ဥ°ရုဒ္ဓါ*၊ ဩရုဒ္ဓါ*၊ အဝရုဒ္ဓါ*။ တေ၊ ဂါမံ၊ ဝိဟေသေယျုံ။
ဝိဟေဌေ*ယျုံ။ ဝိနာသေယျုံ၊ အပရဇ္ဈေ*ယျုံ၊ သံဃော*၊

ဝေ၊ အမနုဿော၊ အဝရုဒ္ဓေ*၊ ပဏ္ဍာမေတိ၊ ပဗ္ဗာဇေတိ၊ ပဋိက္ကာမေတိ။-နှ၊ တေဟိ၊ အမနုဿေဟိ၊ အဝရုဒ္ဓေ*ဟိ၊ ဣမသ္မိံ၊ ဂါမေ၊ ဝတ္တ*ဗ္ဗန္တိ။ ယဿာယသ္မတော၊ ခ*မတိ၊ တေသံ၊ အမနုဿာနံ၊ အဝိရုဒ္ဓါ*နံ၊ ပဏ္ဍာမနာ၊ ပဗ္ဗဇနာ။ ပဋိက္ကာမနာ။-နှ၊ တေဟိ၊အမနုဿေဟိ၊အဝရုဒ္ဓေ*ဟိ။ ဣမသ္မိံ၊ဂါမေ၊ ဝတ္တ*ဗ္ဗန္တိ- သော၊တုဏှဿယဿ၊ နက္ခ*မတိ။သော၊ ဘာ*သေယျ။

ပဏ္ဍာမိတာ၊ သံဃေ*န၊ အမနုဿာ။ အဝရုဒ္ဓါ*။ -နှ၊ တေဟိ၊ အမနုဿေဟိ၊ အဝရုဒ္ဓေ*ဟိ၊ ဣမသ္မိံ၊ ဂါမေ၊ ဝတ္တ*ဗ္ဗန္တိ။ ခ*မတိ၊ သံဃဿ။ တသ္မာ။ တုဏှီ၊ ဧဝမေတံ၊ ဓာ*ရယာမိ။

ပဗ္ဗဇိတာ၊ သံဃေ*န။ အမနုဿာ၊ အဝရုဒ္ဓါ*။ ။ ပဋိက္ကာမိတာ၊ သံဃေ*န၊ အမနုဿာ၊ အဝရုဒ္ဓါ*။

ပက္ကမထ*၊ တုမှေ၊ အမနုဿာ၊ အဝရုဒ္ဓါ*။ ။ပဋိက္ကမထ*၊ တုမှေ၊ အမနုဿာ၊ အဝရုဒ္ဓါ*၊ ။နဿထ*၊ တုမှေ။ အမနုဿာ။ အဝရုဒ္ဓါ*၊ ဝိနဿထ*၊တုမှေ။ အမနုဿာ၊ အဝရုဒ္ဓါ*။

ပက္ကန္တာ၊ ပက္ကန္တာဝ၊ ဟောထ*၊ ပဋိက္ကန္တာ၊ ပဋိက္ကန္တာဝ၊ ဟောထ*၊ နဋ္ဌာ*၊နဋ္ဌာ*ဝ။ ဟောထ*။ ။ဝိနဋ္ဌာ* ၊ ဝိနဋ္ဌာဝ*ဝ၊ဟောထ*။

(*)ပြသော အက္ခရာမှာ အသံပြင်းထန်စွာ လွှတ်ရဲ့ဘတ်။

ပဗ္ဗာဇနီယ ကမ္မဝါစာပြီး၏။

——

မြို့ရွာမှာ ကပ်ဥပဒ်ဖြစ်လာခဲ့သော်၊ ဤကမ္မဝါကို ဘတ်ရမည်။ ပျဉ်းမနားမြို့ ဆားထုံးမြို့များမှာ ကပ်ဥပဒ်ဖြစ်လာရာ ဤကမ္မဝါကိုဘတ်၍ ကပ်ဥပဒ် ပျောက်ငြိမ်းဘူးသည်။ ကျောင်းများမှာ အချောက်အခြိမ်း ရှိနေရာ ဤကမ္မဝါကိုဘတ်၍ ပျောက်ငြိမ်းဘူးလေပြီ။

လူတို့ဘတ်ကြရာ၌ ၂-ကျိပ် ၃-ကျိပ်မျှသော လူတို့တွဲဘက်၍ ကမ္မဝါဘတ် ကျွမ်းကျင်သော ရဟန်းတော်များထံမှာ ဘတ်ပုံရွတ်ပုံကို နေရာတကျ သင်ကြား၍ ထားကြရမည်။ တယောက်သောသူက စာလွှာကိုကြည့်၍ တိုင်ရမည်။ ကြွင်းသောသူတို့က ကျယ်စွာသောအသံနှင့် တသံတည်းကျအောင် လိုက်၍ ဆိုကြရမည်။ ။ရွာလုံးဘတ်မည် ဆိုခဲ့လျှင်၊ ရပ်စုကွက်စု အသီးသီး တွဲဘက်၍ ဘတ်ရမည်။ ။ဘတ်မည့်ညဉ့်မှာ နေ့ အခါက တရွာလုံးကြည်အောင် တံမြက်တလင်း လှည်း၍ နေဝင်လျှင် တရွာလုံး ထိန်ထိန်လင်းအောင် မီးထွန်းရမည်။ ။ လမ်းမ လမ်းဆုံ တလျှောက်လုံးမှာလည်း မီးအလင်း ရှိစေရမည်။ ။ နေဝင်၍ မှောင်လာလျှင် တရွာလုံးကြားကြစေရန် သေနတ်သံ၊ စည်သံ၊ မောင်းသံ၊ အချက်ပေး၍ ရပ်စုကွက်စု အကုန်တပြိုင်နက် ဘတ်ကြရမည်။ ဘတ်ပုံမှာ ရွာလယ် ရပ်လယ်က စ၍ ဝင်းခြံတွင်း ဝင်းခြံပြင် လမ်းစဉ်တလျှောက် လှည့်လည်လျှောက်သွား၍ စစ်ပါယီတို့ စစ်ရေးပြ သကဲ့သို့ မတ်တတ်သွား၍ ဘတ်ရမည်။ တရွာလုံး ကမ္မဝါသံအုံးအုံးညံလွှမ်းမိုး၍ သွားစေရမည် နှိုးပြားလောက်သောအခါ သေနတ်သံ၊ စည်သံ၊ မောင်းသံ၊ အချက်ပေး၍ ရပ်ငြိမ်းစေရမည်။ ထိုရွာ၌ ဖြစ်လာ

သော ကပ်ဥပဒ် ပျောက်ငြိမ်းသည့်တိုင်အောင် နေ့စဉ်ဘတ်ကြ ရမည်။ ထိုကမှာ၊ ဘတ်ကြသည့် နေ့ရက်အတွင်းရွာမှထွက်ခွာ၍ တောအုံကန္တာရ သွားလာသော သူတို့မှာ ဗုဒ္ဓ သရဏံ ဂစ္ဆာမိ။ ဓမ္မံ သရဏံ ဂစ္ဆာမိ။ သံဃံ သရဏံ ဂစ္ဆာမိကို ရွတ်ဆို စွဲမြဲ၍ သွားလာကြရမည်။

## ဤကား ပဗ္ဗာဇနီယ ကမ္မဝါကို ဘတ်ရွတ်ပုံအစီရင်တည်း။

ဤပဗ္ဗာဇနီယ ကမ္မဝါဘတ်ပုံ ဘတ်နည်း အစီအရင်အတိုင်း ဗြဟ္မဇာလသုတ် ပါဠိတော်ကြီး။ မဟာသမယသုတ် ပါဠိတော်ကြီး။ သုတ်ပါထေယျ၌လာသော အာဋာနာဋိယသုတ် ပါဠိတော်ကြီးများကိုလည်း ရွတ်ဘတ်ကြပါမူ အလွန်အန္တရာယ်ကင်းစေနိုင်၏။

ရတနသုတ် ပါဠိတော်ကြီး။ မေတ္တာသုတ် ပါဠိတော်ကြီး။ ဓဇဂ္ဂသုတ် ပါဠိတော်ကြီး။ အာဝေနိက ဂုဏ်တော်ကြီးများကိုလည်း ပြဆိုခဲ့ပြီးသော ပဗ္ဗာဇနီယကမ္မဝါကို ရွတ်သော နည်းလမ်းအတိုင်း ရွတ်ဘတ်လျှင် အလွန်ကောင်း၏။

သို့အတူ ဥပ္ပါဒသန္တိ ဂါထာများ။ ဆဒိသာ ပါလသုတ်များကိုလည်း ရွတ်ဘတ်ကုန်ရာ၏။

ပြဆိုခဲ့ပြီးသော အရပ်ရပ်သော ပါဠိများသည် ကပ်ဥပဒ်ဘေးရန် ကင်းရှင်းမှုတို့၌ အတ္ထုပ္ပတ္တိနှင့်တကွ အလွန် ထင်ရှားသော ပါဠိများပေတည်း။

၁၂၆၇-ခု၊ တပို့တွဲလဆုတ် ၇-ရက်နေ့တွင် မင်းလှမြို့ စံတော် ကျောင်း၌ ရေးသား၍ ပြီးစီး၏။

---

## အန္တရာယ်ကင်း ဂါထာပါဠိ

(၁) ဗုဒ္ဓေါ စ မင်္ဂလော လောကေ။
ဒေဝ မနုဿ ပူဇိတော။
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
သဗ္ဗ ဒုက္ခာ ပမုစ္စရေ။ ။

(၂) ဓမ္မော စ မင်္ဂလော လောကေ။
သဗ္ဗ ပါပ ဝိနာသတော။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သဗ္ဗ ဒုက္ခာ ပမုစ္စရေ။ ။

(၃) သံဃော စ မင်္ဂလော လောကေ။
ဘယ ဝေရမိ နာသနော။
သံဃံ သရဏံ ဂစ္ဆာမိ။
သဗ္ဗ ဒုက္ခာ ပမုစ္စရေ။ ။

(၄) တေသံ ခေါ မင်္ဂလံ ခေမံ။
တေသံ မင်္ဂလ မုတ္တမံ။
တေသံ မင်္ဂလ မာဂမ္မ၊
သဗ္ဗ ပါပါ ပမုစ္စရေ။ ။

(၅) တော်ခေါ သရဏံ ခေမံ၊
တော် သရဏ မုတ္တမံ။
တော် သရဏ မာဂမ္မ၊
သဗ္ဗ ဒုက္ခာ ပမုစ္စရေ။

(၆) ဇတ်ခေါ ရတနံ ခေမံ၊
တော် ရတန မုတ္တမံ။
တော် ရတန မာဂမ္မ၊
သဗ္ဗ ဒေါသာ ပမုစ္စရေ။ ။

အိပ်ရာဝင်လျှင် နေ့စဉ်သက်စေ့ရွတ်။ သားငယ် သမီးငယ် ရှိသော မိဘများမှာ သားငယ် သမီးငယ်အတွက် ပိုမို၍ရွတ်။

## အနက်ကား

(၁) လောကေ။ လောကသုံးခွင်၊ ဘုံတပြင်၌။ ဗုဒ္ဓါဝ။ မြတ်စွာဘုရားသည်သာလျှင်။ မင်္ဂလော။ လူနတ်ဗြဟ္မာ သတ္တဝါ အပေါင်းတို့တွင် အတုမရှိ အဘက်မရှိ လွန်မြတ်လှသော အနုတ္တရ မဟာမင်္ဂလာကြီးအစစ် ဖြစ်တော်မူပေ၏။ ဒေဝဗ္ရဟ္မ ဗြဟ္မသဃရော။ ဘုန်းတန်ခိုးဣဒ္ဓိပါဒ်။ လွန်ကြီးမြတ်သော နတ်မင်းအပေါင်း သိကြားမင်း အပေါင်းတို့ကို အစိုးရတော်မူပေ၏။ ဗုဒ္ဓံ သရဏံ။ ဘုရားတည်းဟူသော ကိုးကွယ်ရာကို။ အာ ဂမ္မ။ ကိုးကွယ်သမှု အစွဲပြု၍။ သတ္တာ။ နတ်လူ ဗြဟ္မာ သတ္တဝါတို့သည်။ သဗ္ဗဒုက္ခာ-သဗ္ဗဒုက္ခေဟိ။ ခပ်သိမ်းသော ဒုက္ခ အပေါင်းတို့မှ။ ပမုစ္စရေ-ပမုစ္စန္တိ။ ကင်းလွတ်ကြကုန်၏။

(၂) လောကေ၊ လောကသုံးခွင် ဘုံတပြင်၌။ ဓမ္မောဝ၊ မဂ်လေးပါးဖိုလ်လေးပါး နိဗ္ဗာန်တရားတော်မြတ်သည်သာလျှင်။ မင်္ဂလော၊ တရားအပေါင်းတို့တွင် အတုမရှိ အဘက်မရှိ လွန်မြတ်လှသော အနုတ္တရ မဟာမင်္ဂလာကြီးအစစ် ဖြစ်တော်မူပေ၏။ သဗ္ဗပါပ ဝိနာသကော၊ ဆိုးဝါးညစ်ညမ်း ကြမ်းတမ်းယုတ်မာ မကောင်းစွာသော မိစ္ဆာခမ္မ ဟူသမျှတို့ကို မြူမျှမကျန် ပယ်လှန်ဖျက်ဆီးတော်မူနိုင်ပေ၏။ ဓမ္မံသရဏံ၊ တရားတည်းဟူသော ကိုးကွယ်ရာကို။ အာဂမ္မ၊ ကိုးကွယ်သမှု အစွဲပြု၍။ သတ္တာ၊ နတ်လူဗြဟ္မာ သတ္တဝါတို့သည်။ သဗ္ဗဒုက္ခာ-သဗ္ဗဒုက္ခေဟိ၊ ခပ်သိမ်းသော ဒုက္ခအပေါင်းတို့မှ။ ပမုစ္စရေ-ပမုစ္စန္တိ၊ ကင်းလွတ်ကြရကုန်၏။

(၃) လောကေ၊ လောကသုံးခွင် ဘုံတပြင်၌။ သံဃောဝ၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော် မြတ်သည်သာလျှင်။ မင်္ဂလော၊ အပေါင်းအများ တပည့်သားအစုတွင် အတုမရှိအဘက်မရှိ လွန်မြတ်လှသော အနုတ္တရ မင်္ဂလာကြီးအစစ် ဖြစ်တော်မူပေ၏။ ဘယဝေရ ဝိနောဒနော၊ ခပ်သိမ်းသောဘေး ခပ်သိမ်းသော ရန်တို့ကို ပယ်လှန် ဖြေဖျောက်တော်မူနိုင်ပေ၏။ သံဃံသရဏံ၊ သံဃာတည်းဟူသော ကိုးကွယ်ရာကို။ အာဂမ္မ၊ ကိုးကွယ်သမှု အစွဲပြု၍။ သတ္တာ၊ နတ်လူဗြဟ္မာ သတ္တဝါတို့သည်။ သဗ္ဗဒုက္ခာ-သဗ္ဗဒုက္ခေဟိ၊ ခပ်သိမ်းသော ဒုက္ခအပေါင်းတို့မှ။ ပမုစ္စရေ-ပမုစ္စန္တိ၊ ကင်းလွတ်ကြရကုန်၏။

(၄) ခေါ၊ စင်စစ်။ ဧတံမင်္ဂလံ၊ ဤဘုရား, တရား, သံဃာ မင်္ဂလာသုံးပါးသည်သာလျှင်။ ခေမံ၊ ဘေးရန်ကင်းရာ မင်္ဂလာ

အစစ်ကြီးဖြစ်တော်မူပေ၏။ တော်မင်္ဂလံ၊ ဤဘုရား,တရား,သံဃာ မင်္ဂလာသုံးပါးသည်သာလျှင်။ဥတ္တမံ၊ လောကအားလုံး၌ အမြတ်ဆုံးသောမင်္ဂလာကြီးဖြစ်တော်မူပါပေ၏။ တော်မင်္ဂလံ၊ ဤဘုရား, တရား,သံဃာ မင်္ဂလာကို။ အာဂမ္မ၊ ကိုးကွယ်သမှု အစွဲပြု၍။ သတ္တာ၊ နတ် လူ ဗြဟ္မာ သတ္တဝါတို့သည်။သဗ္ဗုပါပါ-သဗ္ဗပါပေဟိ၊ ခပ်သိမ်းသော အယုတ်တမာ မိစ္ဆာမမှု ဟူသမျှတို့မှ။ပမုစ္စရေ ပမုစ္စန္တိ၊ ကင်းလွတ်ကြရကုန်၏။

(၅) ခေါ၊ စင်စစ်။ တော်သရဏံ၊ ဤဘုရား,တရား,သံဃာ ကိုးကွယ်ရာ သုံးပါးသည်သာလျှင်။ ခေမံ၊ ဘေးရန်ကင်းရာ ကိုးကွယ်ရာအစစ်ဖြစ်ကြီးဖြစ်တော်မူပေ၏။တော်သရဏံ၊ဤဘုရား တရား သံဃာ ကိုးကွယ်ရာသုံးပါးသည်သာလျှင်။ ဥတ္တမံ၊လောကအားလုံး၌ အမြတ်ဆုံးသော ကိုးကွယ်ရာကြီးဖြစ်တော်မူပေ၏။ တော်သရဏံ၊ ဤဘုရား, တရား, သံဃာ ကိုးကွယ်ရာသုံးပါးကို။ အာဂမ္မ၊ ကိုးကွယ်သမှု အစွဲပြု၍။ သတ္တာ၊ လူ နတ် ဗြဟ္မာ သတ္တဝါတို့သည်။ သဗ္ဗဒုက္ခာ - သဗ္ဗဒုက္ခေဟိ၊ ခပ် သိမ်း သော ဒုက္ခ အပေါင်းတို့မှ။ ပမုစ္စရေ-ပမုစ္စန္တိ၊ ကင်းလွတ်ကြရကုန်၏။

(၆) ခေါ၊ စင်စစ်။ တော်ရတနံ၊ ဤဘုရား,တရား,သံဃာ ရတနာသုံးပါးသည်သာလျှင်။ ခေမံ၊ ဘေးရန်ကင်းရာ ရတနာ အစစ်ဖြစ်ကြီး ဖြစ်တော်မူပေ၏။ တော်ရတနံ၊ ဤဘုရား,တရား, သံဃာ ရတနာသုံးပါးသည်သာလျှင်။ ဥတ္တမံ၊ လူ့ ရပ် နတ်ရွာ ရတနာအားလုံးတို့ထက် အမြတ်ဆုံးသောရတနာ ဖြစ်တော်မူပေ၏။ တော်ရတနံ၊ ဤဘုရား,တရား, သံဃာ ရတနာသုံးပါးကို။

အာဂမ္မ၊ ကိုးကွယ်သမူ အစွဲပြု၍။ သတ္တာ၊ နတ် လူ ဗြဟ္မာ သတ္တဝါတို့သည်။ သဗ္ဗဒေါသာ-သဗ္ဗဒေါသေဟိ၊ ခပ်သိမ်းသောအပြစ်ဒေါသဟူသမျှတို့မှ။ ပမုစ္စရေ-ပမုစ္စန္တု၊ ကင်းလွတ်ကြရကုန်၏။

အန္တရာယ်ကင်း ဇ-ဂါထာ
ပါဠိအနက် ပြီး၏။

ဤ ဇ-ဂါထာတို့ကို အနုဿတိ ဘာဝနာကိစ္စနှင့် ကုသိုလ်ဖြစ်ရွတ်ဆိုသောအခါ၌ သာယာစွာ ရွတ်ဆိုရမည်။ အန္တရာယ်ကင်းရန် ရွတ်ဆိုသောအခါ၌ စိတ်ဓာန်တင်းတင်းနှင့် ပြင်းထန်စွာ ရွတ်ဆိုရသည်။

---

ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး
စီမံတော်မူအပ်သော

**မိုးပရိတ်ကြီးရွတ်နည်းနှင့် မိုးကမ္မဝါစာတမ်း**

မုံရွာမြို့နယ်မှာ မိုးအလွန်ခေါင်နေသည်ဟု ဆရာတော်ကြားသိရသောကြောင့် ဝါဆိုလပြည့် စနေနေ့တွင် မိုးပရိတ်တော်ကြီးရွတ်ကြရန် စီမံချက်ကို မုံရွာမြို့(လယ်တီတိုက်)သို့ ပေးပို့လိုက်သည်။

ထိုနေ့သို့ ရောက်သောအခါ မြို့ရွာနေ လူအများတို့က မိုးနတ်များကို ပူဇော်ပသကြကုန်ရမည်။ ။ပသပုံကား သက်သတ်မပါသော ထမင်း-ဟင်း-မုံ့-ပဲ-သရေစာ-အုန်း-ငှက်ပျော-ဆေး

ကွမ်း-လဘက်-သစ်သီးဝလံ-ပန်းမာန်များ စုံလင်စွာနှင့် ပွဲ ၇-ခု ပြုလုပ်၍ တပွဲမှာ ဘုရားပူဇော်ရန်။ တပွဲမှာ သိထလောဟာက နတ်များပူဇော်ရန်။ တပွဲမှာ ဥတ္တာဝလောဟာက နတ်များ ပူဇော်ရန်။ တပွဲမှာ အဗ္ဘဝလောဟာက နတ်များ ပူဇော်ရန်။ တပွဲမှာ ဝါတဝဟာလကနတ်များ ပူဇော်ရန်။ တပွဲမှာ ဝဿပလောဟာက နတ်များပူဇော်ရန်။တပွဲမှာ ပဇ္ဇုန္နနတ်များပူဇော်ရန်ဟု အသီးသီး လိပ်ကမ္ပည်းရေးထိုး၍ ဘုရားရှေ့မှာ ခင်းကျင်းကြပြီးလျှင် ထို နတ်များကို ပင့်ခေါ်ကြရမည်။

ပင့်ခေါ်ပုံကား။ (အို မိုးနှင့်ဆိုင်ရာ ဝလာဟာကနတ်၊ပဇ္ဇုန္န နတ်၊ မိုးရပ်ပြောင်ပါး နတ်မင်းများတို့၏ အကျွန်ုပ်တို့က ပင့် ခေါ်ကြပါကုန်သည်။ ညီညာဖြဖြ လာရောက်ကြပါကုန်လော့။ အကျွန်ုပ်တို့က ဖယ်ပူဇော်ကြသော ပူဇော်သက္ကာများကိုလည်း ကြည်ဖြူစွာခံယူသုံးဆောင်ကြပါကုန်လော့။ ရဟန်းသံဃာတော် များ ရွတ်ဘတ်သော မိုးပရိတ်တော်ကြီးများကိုလည်း ရိုသေ စွာ နာခံကြပါကုန်လော့။ မိုးများကိုလည်း အရည်ထန်စွာ ရွာစေကြပါကုန်လော့ဟု)အသံကျယ်စွာနှင့် ဤစာကို ၃-ခေါက် ရွတ်ဘတ်ကြရမည်။ ။ရင်းနောက် ညနေ ၆-နာရီ အချိန်ကျမှ ထိုပူဇော်သက္ကာပွဲများကို စုပေါင်း၍ လယ်ထိတောရှိ အမနုဿ များကို ပေါများစွာ ကျွေးမွေးကြရမည်။

ဤကား လူတို့ဆောင်ရွက်ရန် စီမံချက် ပြီး၏။

တိုက်ရှိ သံဃာများမှာလည်း ထိုနေ့၌ ဆွမ်းခံမသွားကြမူ၍ ကျောင်းတွင်သာ နံနက်ဆွမ်း နေ့ဆွမ်းများကို ပြီးစီးကြစေရ

မည်။ တိုက်တွင်ရှိ ရဟန်းတော် သံဃာတော်များသည် တိုက်လယ်ရှိ အုဋ်ကျောင်းကြီးပေါ်မှာ အကုန်စည်းဝေး၍ နံနက် ၈-နာရီတကြိမ်၊နေ့လည် ၁၂-နာရီတကြိမ်၊ ညနေ ၄-နာရီတကြိမ်၊ မိုးဃ်းပရိတ်ကြီး ရွတ်ဘတ်ကြရမည်။ ။ရွတ်ဘတ်ပုံမှာ(သြကာသ-သြကာသ-သြကာသ-၊ ဘုန်းတော် အနန္တ၊ ကံတော် အနန္တ၊ ဉာဏ်တော်အနန္တ)ချီးသော မဟာသြကာသကြီးနှင့် ဘုရားရှိခိုးကြပြီးလျှင်။ (ဝိပဿီ ဗုဒ္ဓေါ ဘဂဝါ)မှစ၍ ၇-ဆူ စက်ပရိတ်တော်ကြီး။ နှစ်ကျိပ်ရှစ်ဆူ စက်ပရိတ်တော်ကြီးများကို ညီညာစွာရွတ်ဆိုကြပြီးနောက် (အဋ္ဌဝိသတိသမ္ဗုဒ္ဓါ)ချီးသော ဂါထာ ၂-ပုဒ်ကို ပုရတ္ထိမာယဒိသာစယ စသည်ဆို၍ ဥပရိမာယ ဒိသာယ အထိ အရပ် ၉-မျက်နှာစေ့အောင် ရွတ်ဆိုကြရမည်။ ။ထိုနောက် (ပုနာပရံယဒါဟောမိ)အစရှိသော ငါးရန့်မင်း ပရိတ်တော်ကြီးကို အခေါက်ပေါင်း (၃၀)စေ့အောင် ရွက်ဆိုကြရမည်။ ။နံနက် အကြိမ်မှာ(၃၀)။ နေ့လည် အကြိမ်မှာ(၃၀)။ ညနေ အကြိမ်မှာ(၃၀)။ အခေါက်ပေါင်း ၉၀-ရ၏။ ။မိုးဃ်းသည် နှစ်ရက် သုံးရက်အတွင်းမှာ ဧကန်ရွာလိမ့်မည်။ ။ဝါဆိုလပြည့်နေ့ မိုးဃ်းပရိတ်ကြီး ရွတ်ကြပြီးနောက် တန်ဆောင်မုန်းလပြည့်နေ့တိုင် မိုးဃ်းလတွင်းမှာ စနေနေ့ စနေနေ့တို့၌ ညဝတ်တက်ကြသောအခါ အခေါက်(၃၀)ကျ ရွတ်ကြရမည်။ ကြွင်းသောနေ့တို့၌ တညလျှင် ၃-ခေါက်ကျ ရွတ်ကြရမည်။ ကဆုန်လ-နယုန်လတို့မှာ မိုးဃ်းကြီးစွာခေါင်၍ နေခဲ့လျှင်လည်း ထိုနည်းတူ ရွတ်ကြကုန်ရမည်။ မိုးဃ်းသည် လုံလောက်စွာ ရွာသွန်းသောအခါ၌ ငါးရန့်မင်းပရိတ် ရွတ်မှုကို ချုန်လှပ်၍ ကြွင်းပရိတ်များကိုသာ ရွတ်ကြရမည်။

ငါးရန်မင်း ပရိတ်မှာ စရိယာပိဋကတ်ပါဠိတော်တွင် ရှိလေ၏။ ပရိတ်ရွတ်ကြသော အခါ၌ အညီအညာ လိုလှ၏။ စာကိုဘတ်၍ တိုင်ပြီးရွတ်ကြလျှင် ညီညာတတ်၏။ ပရိတ်ရွတ်ရာမှာ ရှင်သာမဏေများ မပါစေရ။ ပရိတ်မရွတ်မီ တရက်က ညီညာအောင် ညှိသားကြရမည်။ မောင်သုန္ဒရ - မောင်ညာဏောဘာသာ - မောင်အာသဘတို့က ပရိတ်ရွတ်ပွဲကြီး ချောချော ပြီးစီးအောင် အထူးကြောင့်ကြ စိုက်ထုတ်ကြကုန်ရမည်။ ပွဲပြီး သည် နောက် ၂-ရက် ၃-ရက်လွန်သောအခါ မိုးရွာလျှင် ရွာကြောင်း မရွာလျှင်မရွာကြောင်း ဆရာတော်ထံ စာနှင့် လျှောက်ကြားရမည်။

ဤကား မုံရွာမြို့ လယ်တီတိုက်ကြီးမှာ မိုးပရိတ် ရွတ်ရန် စီမံချက်ကြီးတည်း။

တနိုင်ငံလုံးမှာသည်း မိုးကြီးစွာ ခေါင်၍နေသော မြို့ရွာတို့၌ ထိုထိုမြို့ရွာရှိ ဆရာတော် သံဃာတော်တို့နှင့် သံဃသာမဂ္ဂီအသင်းကြီးများတို့သည် ထိုမုံရွာမြို့အတူ မိုးပရိတ်ကြီးများကို အားထုတ်၍ ရွတ်နိုင်ကြပါကုန်လျှင် (၇၅)ခုနှစ် ဝါဆိုလမှစ၍(၇၇)ခုနှစ် ဝါဆိုလပြည့်ထိ ၃-နှစ်တိုင်တိုင် တကမ္ဘာလုံး၌ မိုးကြီးစွာ ခေါင်လိမ့်မည်ဟု ယခုနှစ် နယုန်လဆုတ် ၇-ရက်နေ့ ထုတ်ဝေသော ပညာအသင်း သတင်းစာတွင်ပါရှိသော (အင်ကန္ဒာဆွာမိပလဲ)ဆိုသူ ဆရာကြီး၏ ဟောကိန်းကြီးကို ငါတို့မြန်မာနိုင်ငံအတွက် ကေန်အမှန် ကွယ်ကာနိုင်ကြကုန်လတ္တံ့။

ထိုထိုမြို့ရွာရှိ ဆရာတော် သံဃာတော်တို့နှင့်တကွ သံဃသာမဂ္ဂီအသင်းကြီးများ၏ တာဝန်ကြီးပေတည်း။

---

## အင္ဂုလိမာလ ဂါထာ ဆိုသည်ကား

ယတော ဟံ၊ ဘဂိနိ၊ အရိယာယ၊ ဇာတိယာ ဇာတော။ နာဘိဇာနာမိ၊ သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ။ တေန သစ္စေန၊ သောတ္ထိ တေ ဟောတု၊ သောတ္ထိ ဂဗ္ဘဿ။

**မှာချက်။** ။ကိုယ်ဝန်ဆောင်မှုနှင့် ရွတ်သောအခါ၌ တခေါက်-တခေါက်တွင် (သောတ္ထိ တေ ဟောတု) ပုဒ်ကို ၃-ထပ် ၃-ထပ်စီ ဆိုရမည်။ ။မိုးအလွန်ရွာ၍ နေခဲ့သော် မိုးရွာမှုကို ရပ်စေလိုသောအခါ သောတ္ထိ တေ ဟောတု ပုဒ်ကို ပယ်ရှား၍ (သောတ္ထိ ဝိဂမေန္တု)ဟု ၃-ထပ်စီ ရွတ်ကြရမည်။

---

## ငါးရန့်မင်းပရိတ် ဆိုသည်ကား

၁။ ပူရေန္တော ဗောဓိသမ္ဘာရေ၊ နိဗ္ဗတ္တော မစ္ဆယောနိယံ။ ဥဒကံ သူရိယ သန္တာပေ။ သရေ ဥဒကံ ခီယထ။

၂။ တတော ကာကာ စ ဂိဇ္ဈာ စ။ ကင်္ကာ ကုလလ သေနကာ။ ဘက္ခယန္တိ ဒိဝါ ရတ္တိံ။ မစ္ဆေ ဥပနိသိဒိယ။ ။

၃။ ဧဝံ စိန္တေသိ သတ္ထာ။ သဟ ဉာတိဟိ ပီဠိတော။ ကေန နု ခေါ ဥပါယေန။ ဉာတိ ဒုက္ခာ ပမောစယေ။

၄။ ဝိစိန္တယိတွာ ဓမ္မတ္တံ။ သစ္စံ အဒံဿ ပဿယံ။
သစ္စေ ဌတွာ ပမောစေသိ။ ဥဘတိန္နံ အဘိက္ခယံ။ ။

၅။ ဗန္ဓုံသရိတွာ သဒ္ဓမ္မံ။ ပမတ္တံ ဝိ စိန္တယံ။
အာကာသိံ သစ္စ ကိရိယံ။ ယံ လေ ကောဓ ဝသာသတံ။

၆။ ယဿော သရာမိ အတ္တာနံ။ ယဿော ပတ္တောသ္မိ ဝိညုတံ။
နာဘိဇာနာမိသဉ္စိစ္စ။ ဧကပါဏံ ပိဟိံသိတံ။ ။

၇။ ဧတေန သစ္စဝဇ္ဇေန။ ပဇ္ဇုန္နော အဘိဝဿတု။
အဘိတ္ထနယ ပဇ္ဇုန္န။ နိဓိံ ကာကဿ နာသယ။ ။

၈။ ကာကံ သောကာယ ရန္ဓေဟိ။ မစ္ဆေ သောကာ ပမောစယ။
သတကပေါ သစ္စာရေ။ ပဇ္ဇုန္နော အဘိဂဇ္ဇိယ။

၉။ တလံ နိန္နဉ္စ ပူရေန္တော၊ ခဏေန အဘိဝဿသ။
ဝေဠုပံ သစ္စဝရံ။ ကတွာ ဝိရိယ မုတ္တမံ။ ။

၁၀။ ဝဿာ ပေယသိမဟံ မေဃား သစ္စ တေဇ ဗလာဿိတော။
သစ္စေန မေဃမော နတ္ထိ။ ဧသာ မေ သစ္စ ပါရမီ။ ။

ဤကား-ငါးရန့်မင်း-ပရိတ်တော်ကြီးပေတည်း။

မိုဃ်းပရိတ်ကြီးကို ရွတ်ကြရာ၌ ရတနသုတ်။ မေတ္တာသုတ် ပရိတ်များကို ရွတ်ပြီးမှ အဋ္ဌဝီသတိဂါထာ-ငါးရန့်မင်း ပရိတ်များကို ရွတ်ကြရမည်။ ဤစီမံချက်အတိုင်း မုံရွာမြို့မှာ ဝါဆို လပြည့်နေ့တွင် မိုဃ်းပရိတ်ပွဲကြီး ပြုလုပ်ကြသည့်အတွက် လပြည့်

ကျော် ၁-ရက်နေ့တွင် မိုဃ်းအရေထန်စွာ ရွာသွန်း ကြောင်း ထိုနောက် ၂-ရက်နေ့၊ ၃-ရက်နေ့များတွင် နှစ်ဆတက် တိုး၍ ရွာသွန်းကြောင်း။

မုံရွာမြို့နယ် တဝှမ်းလုံးမှာ မိုဃ်းဦးစိုက်ပျိုးသောအသီးအပင်တို့ အောင်မြင် ချောမောပေသည်ဟု ဝမ်းသာအားရ ရှိကြကြောင်း ဆရာတော်ထံ မုံရွာမြို့က ပေးပို့သော လျှောက်လွှာကို တွေ့မြင်ရ၍ ဆရာတော်မှာ အလွန်ဝမ်းမြောက်ဝမ်းသာ ရှိရပေသည်။

---

## လယ်တီဆရာတော်ဘုရားကြီး စီရင်တော်မူသော

## မိုဃ်းကမ္မဝါကြီး

နမော-တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ ။ သုဏာတု မေ ဘန္တေ သံဃော။ ဣမသ္မိံ ဂါမ ခေတ္တေ-ဝဿကာလေ-သမ္မာဒေဝေါ-နဝဿန္တိ။ သမ္မာမေဃာ-နသိဉ္စန္တိ။ မနုဿာ-ကသိကမ္မာနိ၊ ကာတုံ၊ နလဘန္တိ။ ဗီဇာနိ၊ ဝပိတုံ၊ နလဘန္တိ။ ဂုဏာမိစ-ပုဗ္ဗန္န ပရန္နာနိ၊ စုဒ္ဓိံ၊ ဝိရုဠှိံ၊ နဂစ္ဆန္တိ။ အန္တရာဝ သုဿိတွာ-မရန္တိ။ တဋ္ဋာကေသုစ၊ ပေါက္ခရဏီသုစ။ အာဝါဋေသုစ။ သောဗ္ဘေသုစ။ ဥဒကာနိဆိဇ္ဇန္တိ။ မနုဿာစ တိရစ္ဆာနဂတာစ။ ပါနီယဟေတု။ ပါနီယကာရဏာ။ အတိ ဒုက္ခပ္ပတ္တာ ဟောန္တိ။ ဝဿကာရကာ။ ပဇ္ဇုန္နာစ၊ ဝလာဟကာစ ဒေဝါ၊

အတ္တာနော ကိစ္စေသု ပမတ္တာ၊ အဗျာဝဋ္ဌာ။ အပ္ပေါသုက္ကာဘာဝေ ယျုံ။ ယဒိသံဃဿ၊ ပတ္တကလ္လံ။ သံဃော၊ ပဉ္စန္နေစ၊ ဝလာ ဟကေစ၊ ဝေဝေသမနု ဘာသေယျ။ သမနုသာသေယျ။ ဧသော ပဉ္စန္နာစ၊ဝလာဟကာစ၊ ဒေဝေ။ ဣဒ္ဓိမန္တာ ဟောန္တု။ ဇုတိ မန္တာ-ဟောန္တု။ ဝဏ္ဏဝန္တော-ဟောန္တု။ယသဿိနော-ဟောန္တု။ ပိယေဟိ-မနာပေဟိ-ပုတ္တေဟိစ။ ဒါယေဟိစ ဉာတိမိတ္တေဟိစ။ သဟ သမ္မောဒန္တု။ ပမောဒန္တု။ သုဏန္တုမေ၊ ဘောန္တော။ ပဉ္စန္နာစ၊ ဝလာဟကာစ၊ ဒေဝေ။ ဘာသိတံ၊မနုဿိ ကရောန္တု ပဋိမေ အနန္တဂုဏာ။ ကတမေပဉ္စ။ ဗုဒ္ဓဂုဏာ အနန္တာ။ဓမ္မဂုဏာ အနန္တာ။ သံဃဂုဏာ အနန္တာ။ မာတာပိတုဂုဏာ အနန္တာ။ အာစရိယဂုဏာ အနန္တာ။ ဣမေပဉ္စ အနန္တဂုဏာ။ ပဉ္စန္နဉ္စ၊ ဝလာဟကာနဉ္စ၊ ဒေဝါနံ။သီသေသု တိဋ္ဌန္တိ။ ပဉ္စန္နစ၊ ဝလာ ဟကာစ၊ ဒေဝါ။ ဣမေဟိပဉ္စဟိ- အနန္တဂုဏစက္ကေဟိ။ သမ္မာ ဒေဝေ။ ဝဿာပေန္တု။ သမ္မာမေဃေ-သိဉ္စာပေန္တု။ ဣမေဟိ- အနန္တေဟိ-ဗုဒ္ဓဂုဏ စက္ကေဟိ။သမ္မာဒေဝေ ဝဿာပေန္တု၊ သမ္မာ မေဃေ-သိဉ္စာပေန္တု။ဣမေဟိအနန္တေဟိ-ဓမ္မဂုဏစက္ကေဟိ၊ သမ္မာ ဒေဝေ ဝဿာပေန္တု။ သမာမေဃေ သိဉ္စာပေန္တု။ ဣမေဟိ အနန္တေဟိ။ သံဃဂုဏ စက္ကေဟိ၊ သမ္မာဒေဝေ ဝဿာပေန္တု။ ဉမ္မာမေဃေ-သိဉ္စာပေန္တု။ ဣမေဟိ အနန္တေဟိ၊ မာတာပိတု ဂုဏစက္ကေဟိ။ သမ္မာမေဃေ-သိဉ္စာပေန္တု၊ ဣမေဟိ အနန္တေဟိ၊ အာစရိယဂုဏစက္ကေဟိ၊ သမ္မာဒေဝေဝဿာပေန္တု၊ သမ္မာမေဃေ သိဉ္စာပေန္တု။ နပဉ္စန္နဟိစ၊ ဝလာဟကေဟိစ၊ ဒေဝေဟိ။ အတ္တာ နောကိစ္စေသု။ ပမတ္တေဟိ။ အဗျာဝဋ္ဌေဟိ။ အပ္ပေါသုက္ကေဟိ။ တဝိဝာပ္ပံ။ အယံသံဃဿ-အနုသာသနီတိ။ သောဥတ္တိ။ ။

သုဏာတုမေ-ဘန္တေသံဃော။ဣမသ္မိံ ဂါမခေတ္တေ-ဝဿကာလေ-သမ္မာဒေဝါ-နုဝဿန္တု။ သမ္မာမေဃာ-နုသိဉ္စန္တု။ မနုဿာ-ကသိကမ္မာနိ၊ ကာတုံ၊ နုလဘန္တု။ ဗီဇာနိ၊ ဝပ္ပိတုံ၊ နုလဘန္တု။ ဝုတ္တာနိစ-ပုဗ္ဗန္န ပရန္နာနိ၊ ဝုဒ္ဓိံ၊ ဝိရူဠှိံ၊ နုဂစ္ဆန္တု။ အန္တရာဝသုဿိတွာ-မရဒ္ဓိတဠာကေသုစ၊ ပေါက္ခရဏီသုစ၊ အာဝါဋေသု၊ သောဗ္ဘေသုစ။ ဥဒကာနိဆိဇ္ဇန္တု၊ မနုဿာစ တိရစ္ဆာနဂတာစ၊ ပါနီယဟေတု၊ ပါနီယကာရဏာ၊ အတိဒုက္ခပ္ပတ္တာဟောန္တု၊ ဝဿကာရကာ၊ ပဇ္ဇုန္နာစ၊ ဝလာဟကာစ ဒေဝါ၊ အတ္တနောကိစ္စေသု၊ ပမတ္တာ၊ အဗျာဝဋာ၊ အပ္ပေါသုက္ကာဘဝေယျုံ၊ သံဃော၊ ပဇ္ဇုန္နေစ၊ ဝလာဟကေစ၊ ဒေဝေသမနုဘာသတိ၊ သမနုသာသတိ၊ ဧတေပဇ္ဇုန္နာစ၊ ဝလာဟကာစ၊ ဒေဝါ၊ ဣဒ္ဓိမန္တာဟောန္တု၊ ဇုတိမန္တာဟောန္တု၊ ဝဏ္ဏဝန္တာ-ဟောန္တု၊ ယဿသိနော-ဟောန္တု၊ ပိယေဟိ-မနာပေဟိ-ပုတ္တေဟိစ၊ ဒါရေဟိစ ဉာတိမိတ္တေဟိစ၊သဟ-သမ္မောဒန္တု၊ပမောဒန္တု၊သုဏန္တုမေ၊ဘောန္တော ပဇ္ဇုန္နာစ၊ ဝလာဟကာစ၊ ဒေဝါ၊ ဘာသိတံ၊ မနသိကရောန္တု၊ ပဉ္စမေအနန္တဂုဏာ၊ ကတမေပဉ္စ၊ ဗုဒ္ဓဂုဏာအနန္တာ၊ ဓမ္မဂုဏာ အနန္တာ၊ သံဃဂုဏာ အနန္တာ၊မာတာပိတုဂုဏာ အနန္တာ၊ အာစရိယဂုဏာ အနန္တာ၊ ဣမေပဉ္စအနန္တဂုဏာ၊ ပဇ္ဇုန္နာနဉ္စ၊ဝလာဟကာနဉ္စ၊ ဒေဝါနံ၊ သီသေသုဘိဇ္ဇန္တု၊ ပဇ္ဇုန္နာစ၊ ဝလာဟကာစ ဒေဝါ၊ ဣမေဟိပဉ္စဟိ-အနန္တဂုဏစက္ကေဟိ၊ သမ္မာဒေဝေ၊ ဝဿာပေန္တု၊ သမ္မာမေဃေ-သိဉ္စာပေန္တု၊ ဣမေဟိ-အနန္တေဟိ-ဗုဒ္ဓဂုဏစက္ကေဟိ၊ သမ္မာဒေဝဲ ဝဿာပေန္တု၊ သမ္မာမေဃေ-သိဉ္စာပေန္တု၊ ဣမေဟိအနန္တေဟိ အနန္တေဟိ၊ သံဃဂုဏစက္ကေဟိ၊ သမ္မာဒေဝေ ဝဿာပေန္တု၊ သမ္မာမေဃေ သိဉ္စာပေန္တု၊ ဣမေဟိ အနန္တေဟိ၊

မာတာပိတုဂုဏစက္ကေဟိ၊ သမ္မာဒေဝေ ဝဿာပေန္တု၊ သမ္မာမေ ဃောသိဒ္ဓါပေန္တု၊ ဣမေဟိ အနန္တေဟိ၊ အာစရိယ ဂုဏ စက္ကေဟိ၊ သမ္မာဒေဝေ ဝဿာ ပေန္တု၊ သမ္မာမေဃောသိဒ္ဓါပေန္တု၊ နပဉ္စုန္နေ ဟိစ၊ ဝသာဟကေဟိစ ဒေဝေ-ဒေဝေဟိ၊ အတ္တနောကိစ္စေသု၊ ပမတ္တေဟိ၊ အဗျာဝဋ္ဌေဟိ၊ အပ္ပေါသုက္ကေဟိ၊ ဘဝိတဗ္ဗံ၊ အယံ သံဃဿ-အနုဿာသနီတိ၊ယဿာယဿမ္မတောခတိ၊တေသံပဉ္စုန္နံ နဉ္စ၊ ဝလာဟကာနဉ္စဒေဝ ါနံ၊ သမနုဘာသနာ၊ သမနုဿာသနာ၊ သောတုံဏှာဿ၊ ယဿနက္ခမတိ၊ သောဘာသေယျ၊ဒုတိယမ္ပိတေ မတ္တာဒါမိ၊ သုဏာတုမေ၊ ဘန္တေသံဃော၊ ဣမဿိံဂါမ ခေတ္တေ လ-သောဘာသေယျ၊ တတိယမ္ပိ တေမတ္တာဒါမိ၊ သုဏာတုမေ၊ ဘန္တေ၊ သံဃော၊ ဣဿိံဂါမခေတ္တေ-လ-သောဘာသေယျ၊ သမနုဘာဌာသံဃေန၊ ပဉ္စုန္နာစ၊ ဝလာဟာကာစ ဒေဝါ၊ သမနု သိဋ္ဌာသံဃေန၊ ပဉ္စုန္နာစ၊ ဝလာဟာကာစဒေဝါ၊ နပဉ္စုန္နေဟိစ၊ ဝလာဟကေဟိစ၊ဒေဝေဟိ အတ္တနောကိစ္စေသု၊ပမတ္တေဟိ၊အဗျာ ဝဋ္ဌေဟိ၊ အပ္ပေါသုတ္တေဟိဟ ဝိတဗ္ဗန္တိခမတိ၊သံဃဿတသ္မာတုဏှိ၊ ဧဝမေတံ၊ ဓာရယာမိ။

## မိုးခေါ်ကမ္မဝါကြီး-ဤတွင်ပြီးပြီ။

မိုးအလွန်ရွာ၍နေရာဌ်၊မိုးရွာမှုကိုရပ်စဲစေလိုသော် ၎တန် ကမ္မဝါတို့နိုက် (သမ္မာဒေဝေ ဝဿာပေန္တု၊ သမ္မာမေဃော၊ သိဒ္ဓါပေန္တု၊ဟူသော ပုဒ်တို့မှာ သမ္မာဒေဝေဝိဂမေန္တု။သမ္မာမေ ဃော၊ဝိဂမေန္တုဟု ရွတ်ရမည်။ မိုးရပ်စဲလတံ့။) .

## မိုဃ်းကမ္ဘဝါဘတ်ပွဲ အစီအရင်

ဤမိုဃ်းကမ္ဘဝါကြီးကို ဘတ်ကြရာ၌လည်း မုံရွာမြို့ လယ်တီတိုက်မှာ မိုဃ်းပရိတ်ကြီးကို ဘတ်ကြရာ၌ကဲ့သို့ ဘုရားပူဇော်ပွဲ၊ နတ်ပူဇော်ပွဲတို့ကို၊ စုံလင်စွာ ပြုလုပ် ပင့်ခေါ် ပူဇော်ပသပြီးမှ ဤမိုဃ်းကမ္ဘဝါကြီးကို ဘတ်ကြကုန်ရမည်။ ဘတ်ကြရာ၌လည်း မိုဃ်းပရိတ်ကြီးမှာ ရဟန်းသံဃာများမပါဘဲ လူဖြစ်သူတို့ချည်းပင် ဘတ်ရ၏။ ဤမိုဃ်းကမ္ဘဝါ၌မူကား ရဟန်းသံဃာ (၄)ပါး ထက်မနည်းစေရ။ ရဟန်းသံဃာများလျှင် များတိုင်းကောင်း၏၊ ပုဒ်-ပါဌ်အက္ခရာကို မှန်ကန်စွာသိတတ်-ဘတ်တတ်သော ရဟန်း တပါးက စာကိုကြည့်၍ တိုင်ရမည်။ ကျန်ရှိသောရဟန်းတို့က တညီတညာလိုက်၍ ရွတ်ဆိုကြကုန်ရမည်။ အညီအညာလိုလှ၏။ ကြားနာသော သူတို့၏ နား၌ ပုဒ်အက္ခရာပြီသစွာ ကြားနိုင်လောက်အောင် ညီညာကြစေရမည်။

မိုဃ်းကမ္ဘဝါပွဲကြီး ပြုလုပ်သောနေ့တွင် နံနက်တကြိမ်၊ နေ့လည်တကြိမ်၊ ညနေတကြိမ်၊ ဘတ်ကြရာ၌ တကြိမ်တကြိမ်မှာ တနာရီခွဲမျှ ကြာစေရမည်။ နှစ်ခေါက်ထက်လည်း မနည်းစေရ။ ထို့ထက် အခေါက်များနိုင်လျှင် သာ၍ ကောင်း၏။ ရဟန်းခံကမ္ဘဝါ စသည်တို့နိုက် ဓနိတ အက္ခရာတို့ ပြင်းထန်စွာ ရွတ်ကြရသကဲ့သို့ ဤမိုဃ်းကမ္ဘဝါ၌ ပြင်းထန်စွာ ရွတ်မှုမလိုလှ။ အသံကျယ်စွာ ရွတ်မှုသာလိုလှ၏။

မိုဃ်းကမ္ဘဝါဘတ်ပွဲ အစီအရင်ပြီး၏။

## ကျေးဇူးတော်ရှင် လယ်တီဆရာတော်ဘုရားကြီး

## စီရင်တော်မူသော

## မိုဃ်းအမိန့်တော် ပြန်တမ်းကြီး

အို-အထက်တခွင်၊ မိုဃ်းကောင်းကင်၌၊ အစဉ် ရှိနေကြကုန်သော-ဝလာဟက ပဇ္ဇုန္နဟု၊ နာမထင်ရှား၊ နတ်မင်းများတို့၊ မုံရွာမြို့၊ လယ်တီတိုက်နေ၊ ရဟန်းတော် သံဃာတော်များတို့၏၊ ထုတ်ဘော်မိန့်ကြား၊ ဆိုစကားကို၊ ဝေထောင်နားကျကျ၊ နာခံကြပါကုန်လော့၊ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ စကြဝဠာ ကမ္ဘာမြေမိုး၊ ဖြန်းဖြန်းကျိုးမှ၊ တန်ခိုးတော်အနန္တတို့နှင့်၊ ပြည့်စုံတော် မူပေသော၊ သင်တို့ဆရာ၊ ငါတို့ဆရာ၊ သမ္မာသမ္ဗုဒ္ဓ၊ သုံးလောကထွဋ်ထား၊ သဗ္ဗညု မြတ်စွာဘုရားကြီးသည်၊ ဟောကြားတော် မူအပ်ကုန်သော၊ အနန္တတရားကြီး ၅ ပါးတို့သည်၊ ဗုဒ္ဓဘာသာ သာသနာအစဉ်၌၊ ထင်ရှားရှိပေကုန်၏။ ဗုဒ္ဓဂုဏောအနန္တော။ ဓမ္မဂုဏောအနန္တော။ သံဃဂုဏောအနန္တော။ မာတာပိတုဂုဏော အနန္တော။ အာစရိယဂုဏော အနန္တော။ ဤ(၅)ပါးတို့ ပေတည်း။ ဤ အနန္တတရားကြီး(၅)ပါးတို့သည်ငါတို့မြတ်စွာဘုရားကြီး၏တပည့်သားဖြစ်ကြကုန်သော ဗုဒ္ဓဘာသာ သာသနာဝင် ရှင်လူအများတို့၏ အဆုတ် အသဲ နှလုံးထဲမှာ အမြဲတည်ရှိကြပေကုန်၏။ ငါတို့မြတ်စွာဘုရား၏ တပည့်သားတော်ဖြစ်ကြပေကုန်သော အထက်တခွင် ကောင်းကင်တရိုး နတ်အမျိုးမျိုးတို့၏ အဆုတ် အသဲ

နှလုံးထဲမှာလည်း အမြဲတည်ရှိကြပေကုန်၏။ ဤအနန္တတရားကြီး(၅)ပါးတို့၏ ကောင်းကျိုးဖလ အနန္တတို့ကိုလည်း ယခုဘဝမှစ၍ နိဗ္ဗာန်ရသည်ဘဝတိုင်အောင် သင်တို့ ငါတို့မချို့ အမှန် ခံစားစံစားကြရကုန်လတံ့။ ထိုအနန္တဂုဏ်ထူး ကျေးဇူးတော်ကြီး ငါးရပ်တို့ကို သိတတ်မြင်တတ် မထိန်မမြှုပ် ဖော်ထုတ်ပြောဆိုတတ်ကြကုန်သော သူတို့သည် ကတညုတာ၊ ကတဝေဒိတာ သူတော်ကောင်းအင်္ဂါ မင်္ဂလာတရားကြီးနှင့် ပြည့်စုံသော သူတို့ပေတည်း။ ထိုအနန္တဂုဏ်ထူး ကျေးဇူးတော်ကြီး (၅)ပါး တို့သည်လည်း ထိုကျေးဇူးတော်တို့ကို အမြဲနိစ္စခံစံကြရကုန်သော သူတို့၌ကျေးဇူးမြီ၊ကျေးဇူးကြွေးဝန်မလေးကြရအောင်တတ်အားသမျှ ပေးဆပ်ပူဇော်ကြရမဲ့ ဝတ္တရားကြီးသည် ရှိကြကုန်၏။ အမိကျေးဇူး အဘကျေးဇူးများကဲ့သို့ ဘုရားကျေးဇူးအနန္တ။ တရားကျေးဇူးအနန္တ။ သံဃကျေးဇူး အနန္တတို့၌။ ကျေးဇူးမြီကျေးဇူးကြွေး ဝန်မလေးကြရအောင် ဆပ်ပေးပူဇော်မှုကြီးဆိုသည်ကား ပိဋကတ်သုံးပုံနှင့်တကွ ဘုရားသာသနာတော်ကြီးကို ဆုတ်ယုတ်လျော့ပါး မရှိရအောင် ကြောင့်ကြစိုက်ထုတ်မှု၊ တည်တန့်ခိုင်မြဲအောင် ကြောင့်ကြစိုက်ထုတ်မှု၊ တိုးတက် ပွားများအောင် ကြောင့်ကြစိုက်ထုတ်မှုများပေတည်း။ ဗုဒ္ဓဘာသာဝင် ရှင်လူအများတို့မှာ စာသင်ကျောင်းတိုက်ကြီး တည်ထောင်မှု။ စာချပုဂ္ဂိုလ် စာသင်ပုဂ္ဂိုလ်များကို ပစ္စည်းလေးပါး ထောက်ပံ့မှု။ ဝိနည်းစာပြန်ပွဲ အဘိဓမ္မာစာပြန်ပွဲများ ပြုလုပ်မှု။ လက္ခ-ကံကြေး-ကြေးငွေပေး၍ ပိဋကတ် စာအုပ် ပိဋကတ် စာထုတ်တို့ကို တည်ထောင်မှု၊ ပိဋကတ် ကျောက်စာတို့ကို ရေးထုတ်တည်ထောင်မှုများပေတည်း။ ယခုအခါ ငါတို့ မြန်မာနိုင်ငံမှာ ထို

အမှုများကို ပြုလုပ်အားထုတ်လျက် ရှိကြပေကုန်၏။ ။ငါတို့ မြတ်စွာဘုရား၏ တပည့်သားတော်ဖြစ်ကြပေကုန်သော နတ်အမျိုးတို့၏ဆိုင်ရာ ကျေးဇူးမြီ - ကျေးဇူးကြွေး ဝန်မလေးရအောင် ဆပ်ပေးမှုမှာမူကား ပိဋကတ်သုံးပုံနှင့်တကွ ဗုဒ္ဓဘာသာ သာသနာတော်ကြီး တည်ရှိရန်၊ နိုင်ငံ မြို့ရွာတို့၌ ဘီလူးမျိုး၊ သရဲသဘက်မျိုး နတ်ဆိုးနတ်ဝါးမျိုးတို့ ထကြွသောင်းကြမ်းမှုကြောင့် လူတို့၌၎င်း၊ ကျွဲနွားစသော တိရစ္ဆာန် သတ္တဝါမျိုးတို့၌၎င်း၊ ကျရောက် ဖြစ်ပွားတတ်သော ရောဂါဆိုး အနာဆိုး ကပ်-ဥပါဒ်မျိုးတို့မှ ကင်းလွတ်ကြအောင် စောင့်ရှောက် ကွယ်ကာမှုကြီးတပါး၊ မိုးခေါင်၍ မိုးသည်းလုံလောက်စွာ မရွာသည့်အတွက်ကြောင့် ဖြစ်တတ်သော ငတ်မွတ်ခေါင်းပါးခြင်း ဘေးတို့မှ ကင်းလွတ်စောင့်ရှောက်ကြအောင် ကာကွယ်မှုကြီးတပါး၊ ဤအမှုကြီး(၂)ပါးတို့သည် နတ်များတို့၏ဆိုင်ရာ ဘုရားကျေးဇူး၊ တရားကျေးဇူး၊ သံဃာကျေးဇူးကို ဆပ်ပေးမှုပေတည်း။ ဤ(၂)ပါးတို့တွင်လည်း ရောဂါဆိုး၊ အနာဆိုး၊ ကပ်၊ ဥပါဒ်မျိုးတို့မှကင်းလွတ်ကြအောင် စောင့်ရှောက်ကွယ်ကာမှုကြီးသည် စတုမဟာရာဇ် နတ်မင်းကြီးများနှင့် နတ်စစ်သူကြီးများတို့၏ ဆိုင်ရာပေတည်း။ မိုးမရွာသည့်အတွက် ငတ်မွတ်ခေါင်းပါးမှုတို့မှ ကင်းလွတ်ကြအောင် စောင့်ရှောက် ကွယ်ကာမှု ကြီးသည် ဝလာဟကနတ် ပဇ္ဇုန္နနတ်များတို့၏ ဆိုင်ရာပေတည်း။ ။ယခုအခါ ဗုဒ္ဓဘာသာသာသနာတော်ကြီး၏တည်ရှိရာမဇ္ဈိမ မြို့နယ်ပယ်အတွင်း၌ မိုးလအခါ မိုးလုံလောက်စွာ မရွာမှုကြီး ဆိုက်ရောက်လျက် ရှိနေချေပြီ။ ထို မိုး၏ဆိုင်ရာ ဝလာဟက ပဇ္ဇုန္နဟု နာမထင်ရှား နတ်မင်းများတို့၊ မြတ်စွာဘုရား၏ ကျေးဇူး

တော်ဂုဏ်မြီရပ်ကို ဆပ်ပေးကြကုန်လော့။ မိုဃ်းတို့ကို ကောင်းစွာရွာစေကြကုန်လော့။ တရားတော်မြတ်၏ ကျေးဇူးဂုဏ်မြီရပ်ကို ဆပ်ပေးကုန်လော့။ မိုဃ်းတို့ကို ကောင်းစွာ ရွာစေကြပါ ကုန်လော့။ ။သံဃာတော်မြတ်၏ ကျေးဇူးဂုဏ်မြီရပ်ကို ဆပ်ပေးကြကုန်လော့။ မိုဃ်းတို့ကို ကောင်းစွာရွာစေကြကုန်လော့။ ရှေးအခါ ကမ္ဘာပေါင်း(၇)သင်္ချေအတွင်း၌ ငါးသိန်းကုန်သော ဘုရားရှင်တို့သည် ဖြစ်ပွင့်တော်မူကြပေကုန်၏။ ငါတို့၏ ဘုရားအလောင်းတော်သူမြတ်သည် နုလှစွာသော မဒ္ဒပုဂ္ဂိုလ်အဖြစ်၌တည်၍ ထိုငါးသိန်းသော ဘုရားရှင်တို့အထံ၌ သဗ္ဗညုဘုရားဆုကြီးကို ပန်ဆင်တော်မူ၏။ ထိုငါးသိန်းသော ဘုရားရှင်တို့၏ တန်ခိုးရှိန်ဝါ စက်အာဏာတို့ဖြင့် ဤမိုးရွာမြို့ နယ်ပယ်အဝှမ်းလုံး၌ မိုဃ်းတို့သည် ကောင်းစွာ ရွာစေကုန်သတည်း။ ။ထို့နောက် ကမ္ဘာပေါင်း ကိုးသင်္ချေအတွင်း၌ တသောင်းနှစ်ထောင်သော ဘုရားရှင်တို့သည် ဖြစ်ပွင့်တော်မူကြပေကုန်၏။ ။ငါတို့၏ ဘုရားအလောင်းတော်သူမြတ်သည် အလပ်ဖြစ်သော မဇ္ဈိုပုဂ္ဂိုလ်အဖြစ်၌တည်၍ ထိုတသောင်းနှစ်ထောင်သော ဘုရားရှင်တို့၏ အထံ၌ သဗ္ဗညု ဘုရားဆုကြီးကို ပန်ဆင်တော်မူ၏။ ထိုတသောင်း နှစ်ထောင်သော ဘုရားရှင်တို့၏ တန်ခိုးရှိန်ဝါ စက်အာဏာတို့ဖြင့် မိုးရွာမြို့နယ် တဝှမ်းလုံး၌ မိုဃ်းတို့သည် ကောင်းစွာရွာစေကုန်သတည်း။ ထို့နောက် လေးသင်္ချေနှင့် ကမ္ဘာတသိန်းအတွင်း၌ နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်တို့သည် ဖြစ်ပွင့်တော်မူကြပေကုန်၏။ ငါတို့ဘုရားအလောင်းတော်သူမြတ်သည် ရင့်မာသော သင်္ကမ္မပုဂ္ဂိုလ် အဖြစ်၌ တည်၍ ထို နှစ်ကျိပ် ရှစ်ဆူကုန်သော ဘုရားရှင်တို့၏ အထံ၌ သဗ္ဗညု ဘုရားဆုကြီးကို ပန်

ဆင်တော်မူ၏။ ထိုနှစ်ကျိပ်ရှစ်ဆူသော ဘုရားရှင်တို့၏ တန်ခိုးရှိန်ဝါ စက်အာဏာတို့ဖြင့် မုံရွာမြို့နယ် တဝှမ်းလုံး၌ မိုးသည်းတို့သည် ကောင်းစွာ ရွာစေကုန်သတည်း။ ဤသို့လျှင် သခ်ျနှစ်ဆယ် အတွင်း၌ ဖြစ်ပွင့်တော်မူကြကုန်သော ငါးသိန်းတသောင်း နှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကုန်သော မြတ်စွာဘုရားတို့၏ တန်ခိုးရှိန်စက် အာဏာတို့ဖြင့် မုံရွာမြို့နယ် တဝှမ်းလုံး၌ မိုးသည်းတို့သည် ကောင်းစွာ ရွာစေကုန်သတည်း။

ဤ ပြန်တမ်းကြီးကို မိုးပရိတ်ကြီး ရွတ်ပြီးအဆုံး၌ရင်း၊ မိုးကမ္ဘဝါကြီး ဘတ်ပြီးအဆုံး၌ရင်း၊ ကျယ်စွာသောအသံဖြင့် တကြိမ်ဘတ်ရမည်။ မိုးပရိတ်ကြီး မိုးကမ္ဘဝါကြီး များကို မဘတ်မူ၍ ဤပြန်တမ်းကြီး သက်သက်ကို အခေါက်များစွာ ဘတ်ကြပါလျှင် မိုးသည် ကောင်းရွာလိမ့်မည်။

---

## အရဟံဂုဏ်တော် ၉-ပါး
## ကွန်ချာ ကပ်ကျော် ပုတီးစိပ်ရန်

(၁) အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ။ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ။

(၂) အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော။ ဝိဇ္ဇာစရဏသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ။

(၃) အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သုဂတော။ သုဂတော၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ။

(၄). အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂ
တော၊ လောကဝိဒူ။ လောကဝိဒူ၊ သုဂတော၊ ဝိဇ္ဇာ
စရဏသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ။

(၅) အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂ
တော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ။
အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ လောကဝိဒူ၊သုဂတော၊
ဝိဇ္ဇာစရဏသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ။

(၆) အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊
သုဂတော၊ လောကဝိဒူ၊အနုတ္တရော ပုရိသ ဓမ္မသာရထိ၊
သတ္ထာဒေဝ မနုဿာနံ။ သတ္ထာဒေဝ မနုဿာနံ၊
အနုတ္တရော ပုရိသဒမ္မသာရထိ၊ လောကဝိဒူ၊ သုဂတော၊
ဝိဇ္ဇာစရဏ သမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ။

(၇) အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊
သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသ ဒမ္မသာ
ရထိ၊ သတ္ထာဒေဝ မနုဿာနံ၊ ဗုဒ္ဓေါ။ ဗုဒ္ဓေါ၊ သတ္ထာ
ဒေဝ မနုဿာနံ၊ အနုတ္တရောပုရိသ ဓမ္မသာရထိ၊
လောကဝိဒူ၊ သုဂတော၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သမ္မာ
သမ္ဗုဒ္ဓေါ၊ အရဟံ။

(၈) အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊
သုဂတော၊ လောကဝိဒူ၊အနုတ္တရောပုရိသ ဒမ္မသာရထိ၊

သတ္တာဒေဝ မနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ။ ဘဂဝါ၊ ဗုဒ္ဓေါ၊ သတ္တာဒေဝ မနုဿာနံ၊ အနုတ္တရောပုရိသ ဒမ္မသာရထိ၊ လောကဝိဒူ၊ သုဂတော၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ။

(၉) အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊ သတ္တာဒေဝ မနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ၊အရဟံ။ အရဟံ၊ ဘဂဝါ၊ ဗုဒ္ဓေါ၊ သတ္တာဒေဝ မနုဿာနံ၊ အနုတ္တရောပုရိသ ဒမ္မသာရထိ၊လောကဝိဒူ၊ သုဂတော၊ ဝိဇ္ဇာစရဏသမ္ပန္နော၊ သမ္မာသမ္ဗုဒ္ဓေါ၊ အရဟံ။

**အမှာ။** ။ဂုဏ်တော်ကို တပုဒ်လျှင် တလုံးကျ စိပ်ပါ။ ဂုဏ်တော်တပုဒ်ဆုံးက ၁၀၈ လုံးရှိ ပုတီးတပတ် ရှိပါလိမ့်မည်။ ထိုနည်းအတိုင်း နေ့စဉ် ပုတီးစိပ်သွားပါက မကြာမီ အတွင်း အတိတ်ထူး နိမိတ်ထူးများတွေ့ရှိ ကပ်ကြီးသုံးပါး ကျော်နင်းနိုင်ပါလိမ့်မည်။

## ဂုဏ်တော်(၉)ပါး ပုတီးစိပ်နည်း

ဂုဏ်တော်(၉)ပါး ပါဠိ အနက် အဓိပ္ပာယ်ရန်ကား–

(၁) အရဟံ – လူ နတ် တို့၏ ပူဇော်အထူးကို ခံတော် မူထိုက်သော မြတ်စွာ ဘုရား၊

(၂) သမ္မာသမ္ဗုဒ္ဓေါ – ဥဿျခမ်တာဆူး ငါးပါးတို့ကို ကိုယ်တော်တိုင် သိမြင်တော်မူသော မြတ်စွာဘုရား။

(၃) ဝိဇ္ဇာစရဏသမ္ပန္နော – ဝိဇ္ဇာရှစ်ပါး စရဏ တဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

(၄) သုဂတော – ကောင်းသော စကားကိုသာ ဆိုတော်မူလျက် ကောင်းသော နိဗ္ဗာန်သို့ ကြွသွားတော်မူသော မြတ်စွာဘုရား။

(၅) လောကဝိဒူ – လောကသုံးပါးကို သိမြင်တော်မူသော မြတ်စွာဘုရား။

(၆) အနုတ္တရော ပုရိသ ဒမ္မသာရထိ – လူကြမ်း နတ်ကြမ်း ဗြဟ္မာ ကြမ်းတို့ကို ဆုံးမတော်မူတတ်သော မြတ်စွာဘုရား။

(၇) သတ္ထာဒေဝမနုဿာနံ – နတ်လူတို့၏ ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရား။

(၈) ဗုဒ္ဓေါ – သစ္စာလေးပါးတရားကို သိမြင်တော်မူသော မြတ်စွာဘုရား။

(၉) ဘဂဝါ – ဘုန်းတော် ခြောက်ပါး နှင့် ပြည့်စုံ တော်မူ သော မြတ်စွာဘုရား။

## ပုတီးလုံးစိပ်ချပုံ

အထက်ပါ ဂုဏ်တော်(၉)ပါး ပါဠိအနက်ကို အရကျက်ပါ၊ ၁၀၈-လုံးရှိသော ဂုဏ်တော်ပုတီးဖြင့် အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ စသည်ဖြင့် လည်းကောင်း၊ အနက်သက်သက်ဖြင့်လည်းကောင်း၊ ပါဠိအနက် တွဲလျက်လည်းကောင်း၊ဂုဏ်တော်၀ပါးကို ပုတီးစေ့ တလုံးချရသည်။ဂုဏ်တော်ကို တိုးတိုးနှုတ်ထွက်၍လည်းကောင်း၊ စိတ်ထဲကလည်းကောင်း ရွတ်ဆိုအောင့်မေ့နိုင်ရမည်။ ပုတီးလုံး ချတိုင်း ချတိုင်းမှာ "ဤသို့ ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဘုရားပေတဲ့"ဟု ဂုဏ်တော်ကို ရွတ်လျက် မိမိ မနေ့ထဲ၌ သက်တော်ထင်ရှား ဗုဒ္ဓမြတ်ဘုရားကို မြင်အောင်ရှု၍ ကြည်ညိုနေရမည်။ ပုတီးကို သန့်ရှင်းသော ညာလက်ဖြင့်သာ တလုံးချင်း စိပ်ချရမည်။ စိတ်ကို ဂုဏ်တော်အာရုံ၌သာထား။ မပျံ့လွင့်ရ။ အမြန်မလိုရ။

## ဂုဏ်တော်ပုတီးစိပ်နည်းများ

**သုဒ္ဓဂုဏ်တော်နည်း။** ။ဤသုဒ္ဓ ဂုဏ်တော် ပုတီးစိပ်နည်းမှာ ပထမဆုံး အရဟံဂုဏ်ကို ပါဠိအနက် ပုတီး တပတ်လုံးဆုံးအောင် စိပ်ရမည်။ထိုနည်းအတူ သမ္မာသမ္ဗုဒ္ဓေါ ဂုဏ်တော်ချည်းတပတ်၊ ဘဂဝါ ဂုဏ်တော်ချည်း တပတ်၊ ဂုဏ်တော်ကိုးပါးကို ကိုးပတ်ရအောင် စိပ်ရမည်။ ဂုဏ်တော်၌ ညွတ်သော စိတ်နှင့် ဘုရားရှင်ကို ကြည်ညိုအောက်မေ့ ဖူးမြင်ပြီး တည်ငြိမ်သော သမာဓိ ရှိစွာ ပုတီးပတ် ပြီးဆုံးခြင်းရှိရမည်။ ပုတီးအပတ်ရေ အမြန်ရအောင် မစိပ်ရ၊ ဂုဏ်တော်၌ညွတ်သော စိတ်ဓာတ်ကို

တည်ကြည်ငြိမ်သက်မှု ရအောင်သာ လေးလေးမှန်မှန် စိတ်ရမည်။ ဤကား အရဟံစသည့် ဂုဏ်တော်တပါး တည်းကို တပတ်စီ စိပ်သော သုဒ္ဓ ဂုဏ်တော် နည်း မည်၏။

**အနုလောမ ဂုဏ်တော်နည်း။** ။ဤ အနုလောမ ဂုဏ် တော် ပုတီး စိပ်နည်းမှာ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါမှ စ၍ အစဉ်အတိုင်း ဘဂဝါ တိုင်အောင်၊ တဖန် အရဟံမှ ဘဂဝါတိုင်အောင် ဂုဏ်တော်ကိုးပါး အစဉ်အတိုင်း စိပ်ရမည်။ ၁၀၈-လုံးရှိသော ဂုဏ်တော်ပုတီး၌ နောက် ဆုံးဘဂဝါသာ အဆုံးသတ်လျက် ပြီးဆုံးစေရ၏။ ဤကား ဂုဏ်တော်ကိုးပါးကို အစဉ်အတိုင်း စိပ်သော အနုလောမ ဂုဏ်တော်ပုတီးစိတ်နည်းမည်၏။

**ပဋိလောမ ဂုဏ်တော်နည်း။** ။ဤပဋိလောမ ဂုဏ်တော်ပုတီး စိပ်နည်းမှာ ဘဂဝါ-ဗုဒ္ဓေါမှစ၍ အပြန်အားဖြင့် အရဟံ တိုင်အောင်၊ တဖန် ဘဂဝါအရဟံ တိုင်အောင် ဂုဏ် တော်ကိုးပါး ပြောင်းပြန်လှန်၍ စိပ်ရမည်။ ၁၀၈-လုံး ရှိသော ဂုဏ်တော်ပုတီး၌ နောက်ဆုံးအရဟံသာ အဆုံး သတ်လျက် ပြီးဆုံးစေရ၏။ ဤကား ဂုဏ်တော် ကိုး ပါးကို အပြန်အားဖြင့်စိပ်သော ပဋိလောမ ဂုဏ်တော် ပုတီးစိပ်နည်း မည်၏။

**အနုပဋိလောမ ဂုဏ်တော်နည်း။** ။ဤအနုပဋိလောမ ဂုဏ် တော်ပုတီး စိပ်နည်းမှာ အရဟံမှစ၍ ဘဂဝါဆုံး၊ တဖန် ဘဂဝါမှစ၍ အရဟံမှာဆုံး၊ ဂုဏ်တော် ကိုးပါး

အစဉ်ကို အပြန်အလှန် စိပ်ရမည်။ ၁၀၈-လုံး ရှိသော ဂုဏ်တော်ပုတီး၌ နောက်ဆုံး အရဟံသာ အဆုံးသတ် လျက် ပြီးဆုံးစေရ၏။ (အရဟံ စ၊ အရဟံ ဆုံး၏) ဤကား ဂုဏ်တော်ကိုးပါးကို အစဉ်အတိုင်းမှ ပြောင်း ပြန်နှစ်မျိုးစုံရော၍ စိပ်သော အနုပဋိလောမ ဂုဏ်တော် ပုတီးစိပ်နည်း မည်၏။

**စိတ်ပုတီးအပတ်ရေ**

သုဒ္ဓဂုဏ်တော်နည်း၌ အရဟံ သက်သက် ၉-ပတ်စိပ်နိုင် သည်။ ထိုနည်းအတူ ကျန်ဂုဏ်တော်များကိုလည်း ၉-ပတ်စီ စိပ် နိုင်သည်။

ကျန် အနုလောမ ဂုဏ်တော်နည်း စသည်တို့ကိုလည်း၉-ပတ်စီ စိပ်နိုင်သည်။ အချိန်ရသလောက် စွမ်းနိုင်သမျှ အဓိဋ္ဌာန်ထား ၍လည်း စိပ်နိုင်သည်။

အသက်ရှည်လိုသော ပုဂ္ဂိုလ်တို့သည် မိမိမွေးလ မွေးနေ့တို့၌ အသက်သတ်လွတ်စား သီလစောင့်သုံး၍ အသက်စေ့ဂုဏ်တော် ပုတီးစိပ်နိုင်သည်။

သစ္စာပြုလျက် အဓိဋ္ဌာန်ပုတီးဝင်သော ပုဂ္ဂိုလ်များမှာကား နေ့ညမပြတ် ဂုဏ်တော်ပုတီးကို စိပ်နိုင်ကြသည်။

အကောင်းဆုံးနှင့် သင့်လျော်ဆုံးမှာ သုဒ္ဓဂုဏ်တော်နည်းနှင့် အနုပဋိလောမ ဂုဏ်တော် နည်းတို့ဖြင့် နေ့စဉ်နေ့တိုင်း ဂုဏ် တော်တပါးတထောင် (ဂုဏ်တော်တထောင်) ရအောင် ဝတ် ထား၍ ဂုဏ်တော်ပုတီး စိပ်လျှင်ကား အကျိုးထူးကို မကြာမီ သိသာ ခြားနားလာနိုင်ပါသည်။

## ပုတီးစိပ်သူ အနေအထား

ပုတီးစိပ်သော ပုဂ္ဂိုလ်သည် ကိုယ်လက်သန့်ရှင်းရမည်။ သန့်ရှင်းသော အဝတ်အစားများကို ဝတ်ထားရမည်။ အစားအစာ ဆာလွန်းနေသူ ဝလွန်းနေသူ မဖြစ်စေရဘဲ အိပ်ငိုက်လိုသော အခါမျိုးလည်း မဖြစ်စေရပေ။

ဆိတ်ငြိမ်သော ဘုရားတန်ဆောင်း သစ်ပင်အောက် စသော နေရာမျိုး(သို့မဟုတ်) ရုပ်ပွား ဆင်းတုတော်မြတ် ရှေ့မှောက် တနေရာ၊ ဘုရားကုန်းတော် ယင်ပြင်တော် တနေရာ စသည်တို့၌ ကြာရှည်စွာထိုင်နိုင်သော သိမ်မွေ့သော အထိုင်မျိုးဖြင့် ထိုင်စေရမည်။ တင်ပလ္လင်ခွေလျက် လက်နှစ်ဖက်ကို ဒူးပေါ်တင်ပြီး စိတ်ပုတီးကို ဆန့်တန်းထားကာ ဘုရားဂုဏ်တော် အာရုံပြု၍ စိပ်နိုင်သည်။

## ဂုဏ်တော်ပုတီး စိပ်ရကျိုး

၁။ အရဟံဂုဏ်တော်ကား-ဘုန်းဂုဏ်ကြက်သရေ တိုးတက်စေ၏။

၂။ သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကား-ကောင်းသောအကြံအစည်နှင့်ထိုးထွင်းသော ဉာဏ်များ ဖြစ်ရ၏။

၃။ ဝိဇ္ဇာစရဏ သမ္ပန္နဂုဏ်တော်ကား-ကြံသမျှ အမှုကိစ္စ ပြီးစီးအောင်မြင်၏။

၄။ သုဂတော ဂုဏ်တော်ကား-မိမိဆိုစကား အောင်မြင်နိုင်၏။

၅။ လောကဝိဒူဂုဏ်တော်ကား-လူလောကအလယ် ကျော်စောထင်ရှား၏။

၆။ အန္တုတ္တရော ပုရိသ ဒမ္မသာရထိ ဂုဏ်တော်ကား- ရန်သူ အပေါင်း ကင်းလျက်၊ ကြမ်းတမ်းသူကိုနိုင်၏။ ရန်သူကို အောင်မြင်စွာ ဆိုဆုံးမနိုင်၏။

၇။ သတ္တာဒေဝ မနုဿာန ဂုဏ်တော်ကား - လူအများ၏ လေးစားအပ်သော လိုရာဆန္ဒ ပြည့်စုံနေသော ဆရာ သဘွယ်ဖြစ်ရ၏။

၈။ ဗုဒ္ဓေါ ဂုဏ်တော်ကား-ဉာဏ်ပညာ ကြီးမား၏၊ ပညာ ရေး အောင်မြင်ရ၏။

၉။ ဘဂဝါ ဂုဏ်တော်ကား-ဘုန်းကံ ကြီးမားခြင်းကို ဖြစ် ရ၏။ လူနတ် ချစ်ခင်၏။

ဤကား ဂုဏ်တော်တပါးစီ၏ အကျိုးဖြစ်၏ (၉)ပါးစုံ စိပ် သောသူများမှာကား အလုံးစုံ အကျိုးထူးများ ရနိုင်ကြ၏။ ပုတီးဖြင့် ဂုဏ်တော်ကိုစိတ်မှာထုံ၍ သမာဓိ ကြီးသူတို့၌ အမြင် အကြား နိမိတ်အထင်များ ရရှိနိုင်ကြ၏။ နတ်ကောင်းများ ချစ်၏။ ရှေးက တောနေ ရဟန်းတော်ကြီးများသည် ဂုဏ်တော် ပုတီးကို အမြဲမပြတ် စိပ်တော်မူကြသည်။

ဤဂုဏ်တော်(၉)ပါး ပုတီးစိပ်နည်းတို့သည် ရှေးဆရာတော် ကြီးများ၊ သူတော်စင်ကြီးများ၏ အဆက်ဆက် ဆောင်ကာ နည်းကောင်း နည်းမှန်အဖြစ် ကျင့်သုံးခဲ့ကြသော ပုတီးစိပ် နည်း ဖြစ်ပါသည်။ ထိုရှေးသူတော်စင် ဆရာမြတ်တို့၏ မှတ် တမ်း"ပုရပိုက်စာအုပ်"တို့မှ အရှင်ဓမ္မရက္ခိတ ဆရာတော် ထုတ် နုတ်လျက် နည်းပေးတော်မူခဲ့ပါသည်။

## သမ္ဗုဒ္ဓေ ဂါထာတော်ကြီး အညွှန်း

ဤသမ္ဗုဒ္ဓေ ဂါထာတော်ကြီးသည် ရှေး သူတော်စဉ် သူတော်ကောင်းကြီးများ အမြဲမပြတ် ရွတ်ဖတ်ကြသော ဂါထာတော်ကြီးပင် ဖြစ်၏။ ဘုရားရှိခိုးနှင့် အန္တရာယ်ကင်း နှစ်မျိုး ရသော အကျိုးကြီးမားသည့် ဂါထာတော်ကြီးပင် ဖြစ်သည်။

ဤဂါထာတော်ကြီး ပါဌ်အနက်ကို အမြဲ ဘုရားရှိခိုးခြင်း၊ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကြောင့် ဘုန်းတန်ခိုးသြဇာအာဏာ ကြီးမားခြင်း၊ လူချစ်လူခင် ပေါများခြင်း၊ အကြံအစည် အလုပ်အကိုင် အောင်မြင်ခြင်း၊ စီးပွားရေး တိုးတက်ခြင်း၊ ရောဂါအနာဆိုးမှ ကင်းလွတ်ချမ်းသာခြင်း၊ ရန်သူကို အောင်နိုင်ခြင်း၊ လက်နက်ဘေးဒဏ်မှ ကာကွယ်ပြီးစီးခြင်း စသော အကျိုးထူးများကို ရရှိနိုင်ပေသည်။ လက်တွေ့ ရရှိခံစားကြရသူများလည်း များစွာ ရှိနေကြသည်ဟု ဖော်ညွှန်းလိုပါသည်။

ပါဠိတော် နေထားပုံ ကျနလှသဖြင့် ပွင့်တော်မူကြကုန်ပြီးသော ဂင်္ဂါဝါဠု သဲစုမက သင်္ချာသိမြင် ဘုရားရှင်တို့ကို ရှိခိုးပူဇော်ရာ၌ အလွန်ချီးကျူးလျက် ရှိခိုးပူဇော်၍ ကောင်းသော ဂါထာတော်ကြီးပင် ဖြစ်ပါသည်။

ရွတ်ဖတ် သရဇ္ဈာယ်ခြင်းဖြင့် ရရှိနိုင်သော အကျိုး တရားတို့ကို အောက်ပါ လက်ာဖြင့် အကျဉ်းချုပ် မှတ်ယူနိုင်ကြပါသည်။

## ရွတ်ဆိုသော အကြိမ်နှင့် အကျိုးများ

သမ္ဗုဒ္ဓေဟု၊ ဆူဝေကျော်လွှမ်း၊ ဂါထာစွမ်းကား၊ ကွမ်းစားသတ္တော်၊ ခေါင်းလျှော်ဒသ၊ ဘတ္တတြိန်း၊ ဆီလိမ်းပဥ္စ၊ စီးထလျှေမှာ၊ ရှစ်ကြိမ်သာတည့်၊ နှံ့သာ ပန်းမျိုး၊ ကိုးကြိမ် နှိုးလေသော့၊ မိုးချုပ်ညဉ့်ခါ၊ အိပ်ရာဝင်မူ၊ ကိုးကြိမ်ဟူ၏။ ရန်သူတွေ့မြောက်၊ ဆယ့်တခေါက်တည်း။ စစ်ရောက်သောခါ၊ ရွတ်ပါ ကိုးကြိမ်။ ဝမ်းအိမ်သန္ဓေ၊ မဖွားနေမူ၊ ရေမှာ ကိုးခေါက်၊ မန်း၍သောက်က၊ ဖွားမြောက် လွယ်ဘောင်၊ ချမ်းသာဆောင်၏။ ဘကောင်ရွတ်ဆို၊ စီးပွားစိုလျက်၊ လိုရာပြီးငြား။ တောကျား သစ်ဆင်၊ ဘေးရန်မြင်မူ၊ ဆယ့်ခြောက်ဟူ၏။ မွေးကြိုင်ပန်းမာလ်၊ နှစ်ခေါက်နှံ့လျက်၊ ကေဆံတင်စိုက်၊ ဘေးမခိုက်ဘဲ၊ ရောက်ဆိုက်ခရီး၊ ပြုတိုင်းပြီး၏။ ရန်လည်းသွေပ၊ မြူမှုံမလိမ်း၊ ကင်းလွတ်ငြိမ်းလျက်၊ ပျောက်ကိန်းရောဂါ၊ ဗျာပါလည်းကင်း၊ သောကရှင်း၏၊ မင်းမင်းတကာ၊ ကြည်စွာမြတ်နိုး၊ ရေပြည့်အိုးသို့၊ မညှိုးပန်းသွင်၊ နေ့တိုင်းပင်တည်း၊ ထွက်ဝင်ရဲရဲ၊ လူခပဲတို့၊ အံ့အဲစလောက်၊ ထွန်းတောက်ပဝင်း၊ ဘက်ကင်းပညာ၊ သူထက်သာ၏၊ စန္ဒာလမင်း၊ ကောင်းကောင်ချင်းသို့၊ ကျော်သင်းမဟာ၊ သမ္ဗုဒ္ဓေ အကျိုးတည်း။

---

| | | |
|---|---|---|
| ကွမ်းစားသတ္တော် | = | ကွမ်းစားလျှင် (၇) ကြိမ်။ |
| ခေါင်းလျှော် ဒသ | = | ခေါင်းလျှော်လျှင် (၁၀) ကြိမ်။ |
| ဘတ္တတြိန်း | = | ထမင်း စားလျှင် (၃) ကြိမ်။ |
| ဆီလိမ်း ပဥ္စ | = | ဆီလိမ်းလျှင် (၅)ကြိမ်။ |

## သမ္ဗုဒ္ဓေ ဂါထာတော်ကြီး

သမ္ဗုဒ္ဓေ၊ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ၊ သဟဿေ ကေ။
ပဉ္စ သတ၊ သဟဿာနိ၊ နမာမိ၊ သိရသာ မဟံ။
အပ္ပကာ၊ ဝါဠုကာ၊ ဂင်္ဂါ၊ အနန္တာ၊ နိဗ္ဗုတာ၊ ဇိနာ၊
တေသံ၊ ဓမ္မဉ္စ၊ သံဃဉ္စ၊ အာဒရေန နမာမဟံ။
နမက္ကာရာ၊ နုဘာဝေန၊ ဟိတွာသဗ္ဗေ၊ ဥပဒ္ဒဝေ၊
အနေကာ၊ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။ ။

### အနက်ကား

(က) အဋ္ဌဝီသံ၊ သုံးပါးဘဝ သုံးလောကတွင် ဉာဏ်ရောင်ဖိတ် အောင်ဘိသိက်ယူ နှစ်ကျိပ်ရှစ်ဆူကုန်သော။ သမ္ဗုဒ္ဓေစ၊ တန်ဆောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း တရားမင်းကိုရင်း။ ဒွါဒသဉ္စ သဟဿေ ကေ၊ နိဗ္ဗာန် ကိန်းအောင်း စက်မွေ့လျှောင်းသည့် တသောင်း နှစ်ထောင်ကုန်သော။သမ္ဗုဒ္ဓေစ၊ လရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာဝင်းပြောင် မြတ်ဘုန်းခေါင်တို့ကိုရင်း။ ပဉ္စသတ သဟဿာနိ၊ သောင်းထိုက် စကြာဝဠာ ဂုဏ်ဝါရောင်ဟိန်း ငါးသိမ်းကုန်သော။ သမ္ဗုဒ္ဓေစ၊ နေရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းထိန် မြတ်မုနိန်တို့ကိုရင်း။ အဟံ၊ အကျွန်ုပ်သည်။ သိရသာ၊ ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။ နမာမိ၊ ရှိခိုးပါ၏။

(ခ) ဝါဠုကာဂင်္ဂါ၊ မြစ်ကြီးရော ဂင်္ဂါပတ်ကုံး ရှိရှိသမျှသော သဲလုံးတို့သည်။ အပ္ပကာ၊ ရေတွက်သိမ်းဆည်း နည်းလှပေကုန်၏။ နိဗ္ဗုတာ၊ ဒုက္ခခပ်သိမ်း ပြတ်ငြိမ်း လွတ်စင် ပြည်ခေမာသို့ စံဝင်တော်မူကြကုန်သော။ဇိနာ၊ ငါးပါးမာရ်အောင်

မြတ်ဘုန်းခေါင်တို့သည်။ အနန္တ၊ အပိုင်းအခြားမရှိ များပြား လှကုန်၏။ တေသံ၊ ထိုငါးသိန်း တသောင်းနှစ်ထောင် နှစ်ကျိပ် နှစ်ဆူကုန်သော ဘုရားရှင်တို့၏။ ဓမ္မဉ္စ၊ တရားတော်မြတ် အပေါင်းကိုရင်း။ သံဃဉ္စ၊ တပည့်သား သံဃာတော်မြတ် အပေါင်းကိုရင်း။ အာဒရေန၊ ရိုသေစွာ။အဟံ၊အကျွန်ုပ်သည်။ နမာမိ၊ ရှိခိုးပါ၏။

(၈) နမက္ကာရာ နုဘာဝေန၊ ဤသို့ရှိခိုးပူဇော် ဖူးမျှော်ကန် တော့ရသော ပဏာမကုသိုလ် စေတနာကြောင့်။ သဗ္ဗေ၊ ခပ် သိမ်းကုန်သော။ဥပဒ္ဒဝေ၊ဘေးရန်တို့ကို။ဟိတွာ၊ပယ်ဖျောက်၍။ အနေကအန္တရာယာပိ၊ များစွာကုန်သော အန္တရာယ်တို့သည် လည်း။ အသေသတော၊ အကြွင်းအကျန် မရှိသောအားဖြင့်။ ဝိနဿန္တု၊ ပျောက်ပျက်စေကုန်သတည်း။ ။

သမ္ဗုဒ္ဓေပါဠ်အနက်ပြီး၏

---

## မောရဏပရိတ် ပါဠိတော်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ ဗုဒ္ဓါနံ ဇီဝိဟာဿ နသက္ကာ ကေနစိ အန္တရာယော ကာတုံ တထာ မေ ဟောတု။

၂။ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ
အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ၊
ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။

၃။ ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော သဗ္ဗံ ကာယကမ္မံ ဉာဏ ပုဗ္ဗင်္ဂမံ ဉာဏာနုပရိ

ဝတ္တံ၊ သဗ္ဗံ ဝစီကမ္မံ ဉာဏ ပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ သဗ္ဗံ မနောကမ္မံ ဉာဏ ပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။

၄။ ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝ‌တော နတ္ထိဆန္ဒဿ ဟာနိ၊ နတ္ထိ ဓမ္မဒေသနာယ ဟာနိ။ နတ္ထိ ဝိရိယဿ ဟာနိ၊ နတ္ထိ ဝီပဿနာယ ဟာနိ၊ နတ္ထိ သမာဓိဿ ဟာနိ၊ နတ္ထိ ဝိမုတ္တိယာ ဟာနိ။

၅။ ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဒဝါ၊ နတ္ထိ ရဝါ၊ နတ္ထိ အဖုဋ္ဌံ၊ နတ္ထိ ဝေဂါယိတတ္တံ၊ နတ္ထိ အဗျာဝဋမနော၊ နတ္ထိ အပ္ပဋိသင်္ခါရုပေက္ခာ၊ ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

၆။ နတ္ထိ တထာဂတဿ ကာယ ဒုစ္စရိတံ၊ နတ္ထိ တထာဂတဿ ဝစီဒုစ္စရိတံ၊ နတ္ထိ တထာဂတဿ မနော ဒုစ္စရိတံ၊ နတ္ထိ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံ ဉာဏံ၊ နတ္ထိ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံ ဉာဏံ၊ နတ္ထိ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော ပဋိဟတံ ဉာဏံ၊ နတ္ထိ သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊ နတ္ထိ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာ နုပရိဝတ္တံ၊ နတ္ထိ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာ နုပရိဝတ္တံ၊ ဣမံ ခေရဏံ အမိတံ အသမံ သဗ္ဗသတ္တာနံ တာဏံ လေဏံ သံသာရဘယ ဘီတာနံ အဂ္ဂံ မဟာတေဇံ။

၇။ ဣမံ အာနန္ဒ ခရဏပရိတ္တံ ခရေဟိ ဝါရေဟိ ပရိပုဏ္ဏာဟိ တသ္မာ ကာယေဝိသံ နကမေဃျ ဥဒကေန လင်္ဂေဃျ အဂ္ဂိနဥဟေဃျ နာနာ ဘယဝိကောနကော ဟာရကော နဒ္ဒိဟာရကော န တိဟာရကော န စတုဟာရကော န ဥမ္မတ္တကံ နမုဠ္ဟကံ မနုဿေဟိ အမနုဿေဟိ နဟိံသကာ။

၈။ တံ ခရဏပရိတ္တံ ယထာ ကတမေ ဇာလော မဟာဇာလော ဇာလိတ္တော မဟာဇာလိတ္တော ပုင်္ဂေ မဟာပုင်္ဂေ သမ္ပတ္တော မဟာသမ္ပတ္တော ဘူတင်္ဂမိ တမင်္ဂလံ၊ ဣမံ ခေါ ပနာနန္ဒ ခရဏပရိတ္တံ သတ္တာ သတ္တေဟိ သမ္မာသမ္ဗုဒ္ဓ ကောဋ္ဌိဟိ ဘာသိတံ ဝတ္တော အဝတ္တော ဂန္ဓဝေ အဂန္ဓဝေ၊ နောမေ အနောမေ သေဝေ အသေဝေ ကာယေ အကာယေ ခရဏေ အခရဏေ၊ ဣလ္လိ မိလ္လိ တိလ္လိ မိလ္လိ ယောရုက္ခေ ဘူတင်္ဂမိ တမင်္ဂလံ။

၉။ ဣမံ ခေါ ပနာနန္ဒ ခရဏပရိတ္တံ နဝ နဝုတိယာ သမ္မာသမ္ဗုဒ္ဓ ကောဋ္ဌိဟိ ဘာသိတံ ဒိဗ္ဗိလာ ဒဏ္ဍိလာ မန္တိလာ ယောဂိလာ ခရလာ ဒုဗ္ဗလာ ဧတေန သစ္စဝဇ္ဇေန သောတ္ထိ မေ ဟောတု သဗ္ဗဒါ။

## ခရဏပရိတ် မြန်မာပြန်

၁။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏ ဇီဝိတဿ၊ အသက်တော်၏။ အန္တရာယော၊ အန္တရာယ်ကို။ ကေနစိ၊ တစုံ တယောက်သောသူသည်။ ကာတုံ၊ ပျက်စီးအောင် ပြုလုပ်ခြင်းငှာ။ နသက္ကာ၊

မတတ်နိုင်။ တထာ၊ ထို့အတူ၊ မေ၊ အကျွန်ုပ်အား။ ဟောတု၊ ဖြစ်ပါစေသတည်း။

၂။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဉာဏံ၊ ဉာဏ်တော်သည်။ အတီတံသေ၊ လွန်ခဲ့ပြီးသော အတိတ်ကာလ အဘို့၌။ အပ္ပဋိဟတံ၊ အပိတ်အပင် အဆီးအတားမရှိ သိတော်မူ၏။ ဘဂဝတော၊ ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်သော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဉာဏံ၊ ဉာဏ်တော်သည်။ အနာဂတံသေ၊ နောက် လာလတံ့သော အနာဂတ် ကာလအဘို့၌။ အပ္ပဋိဟတံ၊ အပိတ် အပင် အတားအဆီးမရှိ သိတော်မူ၏။ ဘဂဝတော၊ ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဉာဏံ၊ ဉာဏ်တော်သည်။ ပစ္စုပ္ပန္နံသေ၊ ယခု မျက်မှောက် ဖြစ်သော ပစ္စုပ္ပန်ကာလအဘို့၌။ အပ္ပဋိဟတံ၊ အပိတ်အပင် အတား အဆီးမရှိ သိတော်မူ၏။

၃။ ဣမေဟိ တီဟိ ဓမ္မေဟိ၊ ဤသုံးပါးသော ကျေးဇူး တော် ဂုဏ်တော်တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သဗ္ဗံ၊ အလုံးစုံသော။ ကာယကမ္မံ၊ ကိုယ်ဖြင့်ပြုအပ်သော အမှုသည်။ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်တော်သာ ရှေ့သွားရှိတော်မူ၏။ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော် နောက်သို့ အစဉ်လိုက်၍ ပြုတော်မူ၏။ သဗ္ဗံ၊ အလုံးစုံသော။ ဝစီကမ္မံ၊ နှုတ် ဖြင့်ပြောအပ်သော စကားတော်သည်။ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ် တော်သာ ရှေ့သွားရှိတော်မူ၏။ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော် နောက်သို့ အစဉ်လိုက်၍ ပြောတော်မူ၏။ သဗ္ဗံ၊ အလုံးစုံသော၊

မနေ့ကမ္ဘာ၊ စိတ်ဖြင့် ကြံစည်အပ်သော အကြံ အစည်သည်။ ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ်တော်သာ ရှေ့သွားရှိတော်မူ၏။ ဉာဏာနု ပရိဝတ္တံ။ ဉာဏ်တော်နောက်သို့ အစဉ်လိုက်၍ ကြံစည်တော် မူ၏။

၄။ ဣမေဟိ ဆဟိ ဓမ္မေဟိ၊ဤခြောက်ပါးသော ကျေးဇူး တော် ဂုဏ်တော်တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။ ဘဂဝတော၊ ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဆန္ဒဿ၊ ကောင်းမြတ်သော အလို ဆန္ဒတော်၏။ ဟာနိ၊ ယုတ်လျော့ခြင်းသည်၊ နတ္ထိ၊ ရှိတော်မမူ။ ဓမ္မဒေသနာယ၊ တရားဟောတော်မူခြင်း၏။ ဟာနိ၊ယုတ်လျော့ ခြင်းသည်။ နတ္ထိ၊ ရှိတော်မမူ။ ဝီရိယဿ၊ အားထုတ်တော်မူ သော လုံ့လဝီရိယတော်၏။ဟာနိ၊ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ ရှိတော်မမူ။ ဝိပဿနာယ၊ အထူးသိမြင်တော်မူသော ဝိပဿနာ ဉာဏ်တော်၏။ ဟာနိ၊ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ ရှိတော် မမူ။ သမာဓိဿ၊ တည်ကြည်သော သမာဓိတော်၏။ ဟာနိ။ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ ရှိတော်မမူ။ ဝိမုတ္တိယာ၊ ဆင်းရဲ အမျိုးမျိုးမှ လွတ်ရာငြိမ်းအေးသော နိဗ္ဗာန်ကိုသာ အရဟတ္တ ဖိုလ်ဉာဏ်ဖြင့် အာရုံပြုကာ ချမ်းသာစွာ ဖလသမာပတ် ဝင်စား တော်မူခြင်း၏။ ဟာနိ၊ ယုတ်လျော့ခြင်းသည်။ နတ္ထိ၊ ရှိတော် မမူ။

၅။ ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ၊ ဤတဆယ့် နှစ်ပါးသော ကျေးဇူးတော် ဂုဏ်တော်တို့နှင့်၊ သမန္နာဂတဿ၊ ပြည့်စုံတော် မူသော။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော် မူသော မြတ်စွာဘုရားအား။ ဒဝါ၊ ပျော်မြူးကစားလို၍ ပြုလုပ်

ပြောဆိုခြင်းသည်။ နတ္ထိ၊ရှိတော်မမူ။ ရဝ ါ၊ သတိလွတ်၍ ချွတ်ချော် ပြုလုပ်ပြောဆိုခြင်းသည်။ နတ္ထိ၊ရှိတော်မမူ။ အဖုဋ္ဌ၊ ဉာဏ်ဖြင့်မသိ၍ ကျန်ခဲ့သော တရားတော်သည်။ နတ္ထိ၊ရှိတော် မမူ။ ဝေဂါယိတတ္တံ၊ မဆင်မခြင် လျှင်မြန်စွာ ပြုလုပ် ပြောဆိုမှုသည်။ နတ္ထိ၊ ရှိတော်မမူ။ ဗျာဝဋမနော၊ သတ္တဝါများ အကျိုးစီးပွားနှင့်စပ်လျဉ်း၍ နှောင့်နှေး တွန့်တိုသော စိတ်နှလုံးကော်သည်။ နတ္ထိ၊ ရှိတော်မမူ။ အပ္ပဋိသင်္ခါ ရပေက္ခာ၊ ဉာဏ်တော်ဖြင့် မစူးစမ်း မဆင်ခြင်ဘဲ လျစ်လျူရှုခြင်း မည်သည်။နတ္ထိ၊ ရှိတော် မမူ။

ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ၊ ဤ ဆယ့်ရှစ်ပါးသော ကျေးဇူးတော် ဂုဏ်တော်တို့နှင့်။ သမန္နာဂတဿ၊ ပြည့်စုံတော်မူသော။ တာဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ နမော၊ စိတ်ညွတ်ရှိကျိုးရှိခိုးပါ၏။ သတ္တန္နံ ၊ ခုနစ်ဆက်နှံသော။ သမ္မာ သမ္ဗုဒ္ဓါနံ၊ မဖောက်မပြန် ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်တရားတို့ကို သိတော်မူကုန်သော ရှင်တော်မြတ်ဘုရားတို့အား။ နမော၊စိတ်ညွတ်ရှိကျိုးရှိခိုးပါ၏။

၆။ တထာဂတဿ၊ ရှေးဘုရားတို့ကဲ့သို့ လာခြင်း ကောင်းတော်မူသော မြတ်စွာဘုရားအား။ ကာယဒုစ္စရိတံ၊ ကိုယ်ဖြင့် ပြုလုပ်အပ်သော မကောင်းမှုသည်၊ နတ္ထိ၊ရှိတော်မမူ။ တထာဂတဿ၊ ရှေးဘုရားတို့ကဲ့သို့ လာခြင်း ကောင်းတော်မူသော မြတ်စွာဘုရားအား။ ဝစီဒုစ္စရိတံ၊ နှုတ်ဖြင့် ပြောဆိုအပ်သော မကောင်းမှုသည်။ နတ္ထိ၊ ရှိတော်မမူ။ တထာဂတဿ၊ရှေးဘုရားတို့ကဲ့သို့ လာခြင်း ကောင်းတော်မူသော မြတ်စွာဘုရားအား။

မနောဒုစ္စရိတံ၊ စိတ်ဖြင့် ကြံစည်အပ်သော မကောင်းမှုသည်။ နတ္ထိ၊ ရှိတော်မမူ။ ဘဂဝတော၊ ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဉာဏံ၊ ဉာဏ်တော်ကို။ အတီတံသေ၊ လွန်ခဲ့ပြီးသော အတိတ်ကာလ အဖို့၌။ ပဋိဟတံ၊ မသိအောင် ပိတ်ပင်တားဆီးခြင်းသည်။ နတ္ထိ၊ ရှိတော်မမူ။ ဘဂဝတော။ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဉာဏံ၊ ဉာဏ်တော်ကို။ အနာဂတံသေ၊ နောက်လာလတ္တံ့သော အနာဂတ် ကာလအဖို့၌။ ပဋိဟတံ၊ မသိအောင် ပိတ်ပင်တားဆီးခြင်းသည်၊ နတ္ထိ၊ ရှိတော်မမူ။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ဉာဏံ၊ ဉာဏ်တော်ကို။ ပစ္စုပ္ပန္နံသေ၊ ယခုမျက်မှောက်ဖြစ်သော ပစ္စုပ္ပန်ကာလအဘို့၌။ ပဋိဟတံ၊ မသိအောင် ပိတ်ပင်ဆီးတားခြင်းသည်။ နတ္ထိ၊ ရှိတော်မမူ။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သဗ္ဗံ၊ အလုံးစုံသော၊ ကာယကမ္မံ၊ ကိုယ်ဖြင့် ပြုအပ်သော အမှုသည်။ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော် ရှေ့သွားမရှိခြင်းသည်။ ဉာဏံ နာနုပရိဝတ္တံ၊ ဉာဏ်တော်နောက်သို့ အစဉ်လိုက်၍ မပြုလုပ်ခြင်းသည်။ နတ္ထိ၊ ရှိတော်မမူ။ ဘဂဝတော ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သဗ္ဗံ၊ အလုံးစုံသော၊ ဝစီကမ္မံ၊ နှုတ်ဖြင့် ပြောဆိုအပ်သော စကားတော်သည်။ ဉာဏာနုပရိဝတ္တံ၊ ဉာဏ်တော် ရှေ့သွားမရှိခြင်းသည်။ ဉာဏံနာနုပရိဝတ္တံ၊ ဉာဏ်တော်နောက်သို့ အစဉ်လိုက်၍ မပြောဆိုခြင်းသည်။ နတ္ထိ၊ ရှိတော်မမူ။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓဿ၊

မြတ်စွာဘုရား၏။ သဗ္ဗံ၊ အလုံးစုံသော။ မနော ကမ္မံ၊ စိတ်ဖြင့် ကြံစည်အပ်သော အကြံအစည်သည်။ န ဉာဏပုဗ္ဗင်္ဂမံ၊ ဉာဏ် တော်ရှေ့သွား မရှိခြင်းသည်။ ဉာဏံ နာနုပရိဝတ္တံ၊ ဉာဏ်တော် နောက်သို့ အစဉ်လိုက်၍ မကြံစည်ခြင်းသည်။ နတ္ထိ၊ ရှိတော်မမူ။

ဣမံ ခါရဏံ၊ ဤခါရဏ ပရိတ်တော်သည်။ အမိတံ၊ မနှိုင်း ယှဉ်အပ်။ အသမံ၊ တူမျှခြင်းလည်းမရှိ။ သဗ္ဗေသတ္တာနံ၊ သတ္တဝါ အားလုံးတို့၏။ တာဏံ၊ အားကိုးပါလျှင် ဆင်းရဲဟူသမျှ မရောက် ရအောင် ပုန်းအောင်းစရာလည်းဖြစ်၏။ သံသာရ ဘယဘီတာနံ၊ သံသရာဘေးကို ကြောက်ကုန်သောသူတို့၏။ အဂ္ဂံ၊ အားထား စရာတွင် အမြတ်ဆုံးဖြစ်၏။ မဟာတေဇံ၊ အားထားသလောက် စောင့်ရှောက်နိုင်သော တန်ခိုးတေဇော် အာနုဘော်ကြီး၏။

၇။ အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ဣမံ ခါရဏ ပရိတ္တံ၊ ဤ ခါရဏပရိတ်တော်ကို။ ဓာရေဟိ၊ နှုတ်ရဆောင်ထားလေလော့။ ဝါရေဟိ၊ ရွတ်ဘတ်နေလော့။ ပရိပုစ္ဆာဟိ၊ သင့်စိတ်ထည်း တွင် မရှင်းပါက မေးမြန်းလေလော့။ တဿ၊ ထိုသူ၏။ ကာယေ၊ ကိုယ်၌။ ဝိသံ ဝသေန၊ အဆိပ်တက်သဖြင့်။ နကမေယျ၊ မသေ နိုင်။ ဥဒကေ၊ ရေထဲ၌။ န လဂ္ဂေယျ၊ နစ်၍မသေနိုင်။ အဂ္ဂိ၊ မီးသည်။ န ဥဍ္ဍဟေယျ၊ လောင်၍မသေနိုင်။ နာနာဘယ ဝိကော၊ ဘေးအမျိုးမျိုးမှ လွတ်နိုင်၏။ န ကောဟာရကော၊ မည်သူကမှ တရက်လုံးလုံး မကောင်းကြံသော်လည်း မအောင်မြင်နိုင်။ န ဒွိ ဟာရကော၊ နှစ်ရက်ဆက်၍ မကောင်းကြံသော်လည်း မအောင် မြင်နိုင်။ န တိဟာရကော၊ သုံးရက်ဆက်၍ မကောင်းကြံသော် လည်း မအောင်မြင်နိုင်။ န စတုဟာရကော၊ လေးရက်ဆက်၍

၅ မကောင်းကြံသော်လည်း မအောင်မြင်နိုင်။ န ဥမ္မတ္တကံ၊ ရူးသွပ်

သောရောဂါလည်း မဖြစ်နိုင်။ နမုဋ္ဌကံ၊ တွေဝေ ထိုင်းမှိုင်း၍ လည်း မနေ။ မနုဿေယဟိ၊ လူအချင်းချင်းတို့ကရင်း။ အမနုဿေယဟိ၊ လူမဟုတ်သော နတ်များ၊ ဘီလူးများတို့ကရင်း။ နဟိံသကာ၊ ညှဉ်းလဲမညှဉ်းဆဲနိုင် ဖျက်လဲမဖျက်ဆီးနိုင် နှိပ်လဲ မနှိပ်စက်နိုင်။

ဂ။ တံခါရက္ခာ ပရိတ္တံ၊ ထိုခါရက္ခာ ပရိတ်တော်သည်။ ယထာကတမေ၊ အဘယ်မျှလောက်တန်ခိုးကြီးမားအကျိုးများသနည်းဟူမူကား။ ဇာလော၊ ကမ္ဘာတသိန်းလုံးကုန်အောင် လောင်မည့်အခါ ဝါပြိုင်နက် ထွက်လာသော နေ ခုနစ်စင်းလောက်တန်ခိုးကြီး၏။ မဟာဇာလော။ နဂါးဂဠုန် ကုမ္ဘဏ်ယက္ခိုက်နတ်ဘီလူးတို့ကို မနှိပ်စက်နိုင်အောင် တားမြစ်နိုင်သော သံကွန်ချာလောက် တန်ခိုးရှိ၏။ ဇာလိတ္တော၊ ရေ-မီး-မင်း-သူခိုး-မချစ်မနှစ်သက်လိုသူဟု ဆိုအပ်သော ရန်သူမျိုးငါးပါးကို ဖယ်ရှားတားမြစ်ထားနိုင်၏။မဟာဇာလိတ္တော၊ဒုဗ္ဘိက္ခန္တရကပ်သတ္တန္တရကပ်ရောဂန္တရကပ်ဟု ဆိုအပ်သော ကပ်သုံးပါးမှလွတ်နိုင်၏။ ပုဋ္ဌေ၊ အမိဝမ်းတွင်းမှာ ပဋိသန္ဓေနေရပါသော်လည်း အခြင်း၊ ဆွံ့ခြင်း၊ နားပင်းခြင်း၊ ရူးခြင်း၊ စိတ်လွင့်သူဖြစ်ခြင်းတို့မှ လွတ်ကင်းနိုင်၏။ မဟာပုဋ္ဌေ၊ သစ်ပင်တောင်ဝှမ်း၊ ချောက်ကမ်းပါး လေယာဉ်ပျံပေါ်က ကျပြေးသော်လည်း မသေနိုင်။ သမ္ဘတ္တော၊ မရသေးသော ရာထူးဂုဏ်သိရ် စည်းစိမ်ဥစ္စာတို့ကိုလည်း ရနိုင်၏။ မဟာသမ္ဘတ္တော၊ ရ ထားသော ရာထူးဂုဏ်သိရ် စည်းစိမ် ဥစ္စာတို့သည်လည်း တိုးတက်နိုင်၏။ ဘူတဂမိ၊ ဟုတ်မှန်သောအားဖြင့်။ တမင်္ဂလံ၊ အရာရာမှ မသိမှုအမှောင်ရှင်း၍ သိမြင်သော အလင်းကို ရနိုင်၏။ အာနန္ဒ၊ ချစ်သားအာနန္ဒာ၊ ဓါပန၊ အစစ်အားဖြင့်။

ဣမံခါရဏာပရိတ္တံ၊ ဤခါရဏာ ပရိတ်တော်ကို။ သတ္တာသတ္တေဟိ သမ္မာသမ္ဗုဒ္ဓကောဋိဟိ၊ ခုနစ်ဆယ့်ခုနစ်ကုဋေကုန်သော ဘုရားရှင်တို့သည်။ဘာသိတံ၊ ဤမျှလောက်တန်ခိုးကြီးမား အကျိုးများ၏ဟု ဟောတော်မူခဲ့၏။

ဝဏ္ဏော၊ ကောင်းတာဖြစ်၏။ အဝဏ္ဏော၊ မကောင်းတာမဖြစ်။ ဂန္ဓဝေ၊ သတင်းကောင်းသာထွက်လာ၏။ အဂန္ဓဝေ၊ သတင်းဆိုး မထွက်။ နောမေ၊ စိတ်ချမ်းသာ၏။ အနောမေ၊ စိတ်မဆင်းရဲရ။ သေဝေ၊ ကိုယ်ချမ်းသာအောင် ပြောဆို ပြုလုပ်ပေးတတ်သော လူဟုတ် လူဟန်တို့နှင့်သာ ပေါင်းသင်းမိ၏။ အသေဝေ၊ ကိုယ့်အကျိုးယုတ်အောင် ပြောတတ် လုပ်တတ်သော လူနုတ် လူယုတ်တို့နှင့် မပေါင်းသင်းမိ။ ကာယေ၊ ကြက်သရေရှိသော ကိုယ်ဖြစ်လာ၏။ အကာယေ၊ ကြက်သရေယုတ်သော ကိုယ် မဖြစ်ရာ။ ခါရဏေ၊ ကုသိုလ်ကောင်းမှုကိုသာ ဆောင်ရွက်ခွင့် ရ၏။ အခါရဏေ၊ မကောင်းမှုအကုသိုလ်ကို ပယ်ထုတ်နိုင်၏။ ဣလ္လိ၊ ကောင်းသောအိပ်မက်ကိုသာ မြင်မက်၏။ မိလ္လိ၊ မကောင်းသောအိပ်မက်ကို မမြင်မက်။ တိလ္လိ၊ ကောင်းသော တိတ်နိမိတ်ကိုသာ မြင်တွေ့ရ၏။ မိလ္လိ၊ မကောင်းသော တိတ်နိမိတ်ကို မမြင်မတွေ့ရ။ ယောရုက္ခေ၊ သေလောက်သော သစ်ပင်များပင် ပြန်ရှင်နိုင်၏။ မဟာယောရုက္ခေ၊ ရှင်နေသော သစ်ပင်များ ရှေးကထက် စည်ကားသီးပွင့်လာ၏။ ဘူတင်္ဂမို၊ ဟုတ်မှန်သောအားဖြင့်။ တမင်္ဂလံ၊ အရာရာမှာ မသိမှုအမှောင်ရှင်း၍ သိမြင်သောအလင်းကို ရနိုင်၏။ အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ခေါ်ပန၊ အစစ်အားဖြင့်။ ဣမံခါရဏပရိတ္တံ၊ ဤခါရဏပရိတ်တော်ကို။ နဝနဝုတိယာ သမ္မာသမ္ဗုဒ္ဓ ကောဋိတိ၊ ကိုးဆယ့် ကိုးကုဋေကုန်သော

ဘုရားရှင်တို့သည်။ ဘာသိဟံ၊ ဤမျှသော တန်ခိုးကြီးမား အကျိုးများ၏ဟု ဟောတော်မူခဲ့၏။

၃။ ဒိဋ္ဌိလာ၊ ကိုယ့်ကိုယ် မကောင်းကြံသူတို့၏ အကြံအစည် ကိုလည်း သိနိုင်၏။ ဒဏ္ဍိလာ၊ မား လှံ သေနတ် စသည်တို့ဖြင့် ခုတ်ထိုးပစ်ခတ်သော်လည်း မထိနိုင်။ မန္တိလာ၊ အင်းအိုင်ဂါထာ မန္တန်တို့သည်လည်း အစွမ်းထက်၏။ ရောဂိလာ၊ ရောဂါအမျိုးမျိုး တို့ကိုလည်း ပျောက်စေနိုင်၏။ ခရလာ၊ အခံရခက်သော ရောဂါ ရုပ်ပျက်ဆင်းပျက်ရောဂါတို့ မစွဲကပ်နိုင်။ ဒုဗ္ဗိလာ၊ ကြိုးနှင့်တုပ် ထားခြင်း၊ လက်ထိပ်ခတ်ထားခြင်း၊ ထောင်သွင်းအကျဉ်းချ ထားငြားသော်လည်း လွတ်စေနိုင်၏။ ဣတိ၊ ဤသို့။ ဗုဒ္ဓဗုဒ္ဓေဟိ၊ ဘုရားအဆူဆူတို့သည်။ ဘာသိတံ၊ ဤမျှလောက်အကျိုးရှိ၏ဟု ဟောတော်မူခဲ့၏။ ဧတေန သစ္စဝဇ္ဇေန၊ ဓာရဏ ပရိတ်တော် တန်ခိုးသည် ဤမျှလောက် အကျိုးရှိနိုင်သည်ဆိုသော စကား သည် မှန်ကန်သောကြောင့်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ မေ၊ ကျွန်ုပ်အား၊ သောတ္ထိ၊ လူလည်းကျန်းမာ စိတ်လည်းချမ်းသာ ဘေးဘယာပ ပစ္စည်းဥစ္စာကြွယ်ဝသည်။ ဟောတု၊ ဖြစ်ပါစေ သတည်း။